# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၂၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**

**(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၀၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့သို့ မတက်ရောက် နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြား သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၃) ဖီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၄) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်နှင့်

(၇) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရွှေပြည်အေးလူငယ်ပြန်လည်ထူထောင်ရေးစခန်းအား ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖိုးမောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဖိုးမောင်(ဖယ်ခုံမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးမောင် ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေမှ မဲဆန္ဒရှင်တွေရဲ့ကိုယ်စား မေးမြန်းလိုတာက ရွှေပြည်အေးလူငယ် ပြန်လည်ထူထောင်ရေးစခန်းအား ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးသွားမှာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ နိုင်ငံတကာမှာရော မြန်မာနိုင်ငံမှာပါ လူသားမျိုးနွယ်တစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ရန်သူဟာ မူးယစ်ဆေးဝါးအန္တရာယ်ပဲ ဖြစ်ပါတယ်။ ဒီလိုခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါးကို နည်းပေါင်းစုံနှိမ်နင်းတိုက်ဖျက်နေသလို အကြောင်းမသင့်လို့ မူးယစ်ဆေးဝါးသားကောင်ဖြစ်ရသူများအတွက်လည်း နိုင်ငံတကာမှာရော မြန်မာနိုင်ငံမှာပါ မူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်စေရန် ကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးရေးအတွက်လည်း အလေးထားဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ် ကုန်းဆုံကျေးရွာအုပ်စု ကသဲကျေးရွာအနောက်ဘက် မြေဧရိယာ ၂၈၅ ဧကကျယ်ဝန်းသော ရွှေပြည်အေးလူငယ် ပြန်လည်ထူထောင်ရေးစခန်းကို ကမ္ဘာ့ကုလသမဂ္ဂရန်ပုံငွေ ၈.၅ သိန်းဖြင့် ၁၉၈၁ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး ၁၉၈၃ ခုနှစ်မှစ၍ မူးယစ်ဆေးဝါးသုံးစွဲသူ ပြန်လည်ထူထောင်ရေးသင်တန်းအပတ်စဉ်(၁)ကို ဦးရေ ၂၀ ဖြင့် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၃ မှ ၂၀၀၅ ခုနှစ်အထိ သင်တန်းအပတ်စဉ်ပေါင်း ၂၈ ခု၊ မူးယစ်ဆေးစွဲလူနာ ၄၂၇ ဦးအား ဆေးဖြတ်ပြီး ပြန်လည်

ထူထောင်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ပြန်လည်ထူထောင်ရေးစခန်းအတွင်းမှာ လိုအပ်သော အဆောက်အအုံများကိုလည်း ပြည့်ပြည့်စုံစုံတည်ဆောက်ထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ ရွှေပြည်အေးလူငယ်စခန်းရဲ့ မြေပုံကြမ်းပါ။ ရွှေပြည်အေးဆေးရုံရဲ့အဝင်ဝပါ။ ခုတင် ၂၀ ဆံ့ဆေးရုံပါ။ ဒါဟာ ဆရာဝန်ရဲ့နေအိမ်ပါ။ သူနာပြုရဲ့နေအိမ်ပါ။ ကျေးလက်ဆေးပေးခန်းပါ။ ဒါဟာ ဝန်ထမ်းအိမ်ရာပါ။ အဲဒါကတော့ ထမင်းစားဆောင်ပါ။ အဲဒါက လူမှုဝန်ထမ်းဌာနပါ။ ဒါက မွေးမြူရေးဌာနပါ။ အဲဒါက န.တ.လ တန်းလျားပါ။ အဲဒီဒေသကို လုံခြုံရေးပေးနိုင်တဲ့ ရဲစခန်းလည်းရှိပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေပြည်အေးလူငယ်ပြုစုပျိုးထောင်ရေးစခန်းကို ၂၉-၁၂-၂၀၀၅ ခုနှစ်မှစ၍ ယနေ့အထိ ပြန်လည်ထူထောင်ရေးသင်တန်းများကို ဖွင့်လှစ်နိုင်ခဲ့ခြင်းမရှိပါ။ ကျွန်တော်တို့ဒေသမှာ အကြောင်းမသင့်လို့ မူးယစ်ဆေးဝါးသားကောင်ဖြစ်ရသူများအတွက် မူးယစ်ဆေးစွဲသုံးစွဲမှုပြတ်စေရန်နှင့် ပြန်လည်ထူထောင်ပေးနိုင်ရန် အထူးလိုအပ်နေပါတယ်။ ဒါကြောင့် ဒေသခံမဲဆန္ဒရှင်များရဲ့ကိုယ်စား မေးမြန်းလိုတာက (၁) ရွှေပြည်အေးလူငယ် ပြန်လည်ထူထောင်ရေးစခန်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ၊ (၂) ပြန်လည်ဖွင့်လှစ်ပါက မည်သည့်အချိန်တွင် ဖွင့်လှစ်နိုင်ပါမည်နည်း၊ (၃) မဖွင့်လှစ်နိုင်သေးပါက အဘယ်ကြောင့်ဆိုတာ ရှင်းလင်းစွာ သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ဖယ်ခုံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးမောင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ

အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဖွဲ့စည်းပေးထားတဲ့ လုပ်ငန်းအဖွဲ့များဖြစ်တဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဦးဆောင်သော ဆေးကုသရေးအဖွဲ့နှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်သော ပြန်လည်ထူ ထောင်ရေး အဖွဲ့တို့မှ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ မူးယစ် ဆေးဝါးသုံးစွဲသူများကို ဆေးကုသ ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် မေးယစ်ဆေးစွဲ ရောဂါကုဌာနကြီး ၂၆ ခု၊ မူးယစ်ဆေးစွဲရောဂါကုဌာနငယ် ၄၇ ခုတို့နှင့် ဆောင်ရွက်ပေးလျက ရှိပါတယ်။ လူမှုဝန်ထမ်းကယ်ကယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေနဲ့ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ နမ့်လတ်၊ မြဝတီ၊ ကော့သောင်း တို့မှာ ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး လောလောဆယ်အခြေအနေအရ နမ့်လတ်၊ မြဝတီ၊ ကော့သောင်းစခန်းတွေကတော့ သင်တန်းသားမရရှိတဲ့အတွက် ယာယီပိတ်သိမ်းထားရှိရပါ တယ်။

ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့မှာ မူးယစ်ဆေးစွဲသူများကို အသိပညာပေးရန်နှင့် ပြန်လည်ထူထောင် ရေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့အတွက် ကသဲဘက်စုံပြန်လည်ထူထောင်ရေးစခန်းကို ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ကစတင်ဖွင့်လှစ်ခဲ့ပြီးတော့ အဆိုပါစခန်းကို ၂၀၀၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှာ ရွှေပြည်အေးလူငယ် ပြုစုပျိုးထောင်ရေးစခန်းအမည်ဖြင့်လည်းကောင်း၊ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာ လ ၂၀ ရက်နေ့မှာတော့ ရွှေပြည်အေးလူငယ်ပြုစုပျိုးထောင်ရေးဌာနအမည်ဖြင့်လည်းကောင်း ပြောင်းလဲခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် ဝက်ထီးကန်မှာလည်း စိုက်ပျိုးမွေးမြူရေးစခန်း (ရွှေပြည်သာ)ကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပြီး အဆိုပါစခန်းကို ၁၉၉၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှာတော့ မူးယစ်ဆေးဝါးသုံးစွဲသူများ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်း အမည်ဖြင့်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှာတော့ ရွှေပြည်သာလူငယ် များပြုစုပျိုးထောင်ရေးဌာနအမည်ဖြင့်လည်းကောင်း ပြောင်းလဲခဲ့ပါတယ်။ အလားတူ ရှမ်းပြည်နယ်၊ မူဆယ်မြို့ တီးမကျေးရွာမှာ ရွှေပြည်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးဌာနကိုလည်း ၂၀၀၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာတော့ အဆိုပါဌာန သုံးခုကို တစ်ပြေးညီဖြစ်စေရေးအတွက် လူငယ်များပြုစုပျိုးထောင်ရေးစခန်းအမည်ဖြင့် ပြောင်းလဲခဲ့ပါ တယ်။ ဒီလိုပြောင်းလဲခဲ့တဲ့ စခန်းသုံးခုကတော့ ရွှေပြည်အေးလူငယ်များပြုစုပျိုးထောင်ရေးစခန်း (ဖယ်ခုံ)၊ ရွှေပြည်သာလူငယ်များပြုစုပျိုးထောင်ရေးစခန်း(ဝက်ထီးကန်)၊ ရွှေပြည်သစ်လူငယ်များပြုစု ပျိုးထောင်ရေးစခန်း(တီးမ) တို့ပဲဖြစ်ပါတယ်။ လူငယ်များပြုစုပျိုးထောင်ရေးစခန်းသုံးခုအနက်

ရွှေပြည်သစ်လူငယ်များပြုစုပျိုးထောင်ရေးစခန်း(တီးမ)ဟာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့ စတင်ပြီး လုံခြုံရေးအခြေအနေအရ ယာယီပိတ်သိမ်းထားရှိခဲ့ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်မှာရှိတဲ့ ရွှေပြည်အေးလူငယ်များ ပြုစုပျိုးထောင်ရေးစခန်းဟာ ၁၉၈၃ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်အထိ သင်တန်းအပတ်စဉ် ၂၈ ခုဖွင့်လှစ်ခဲ့ပြီး မူးယစ်ဆေးစွဲလူနာ ၄၂၇ ဦးကိုလည်း ဆေးဖြတ်ကုသပေးခဲ့ပါတယ်။ အဆိုပါစခန်းမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးကြပ်မှုနှင့် သက်ဆိုင်ရာအစိုးရဌာနများမှ တာဝန်ထမ်းဆောင်မှုအနေနဲ့ကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဟာ အုပ်ချုပ်ရေးတာဝန်ကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနက ကုသရေးတာဝန်ကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက ပြန်လည်ထူထောင်ရေးရပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာတို့ကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အသက်မွေးဝမ်းကျောင်းပညာသင်ကြားခြင်းလုပ်ငန်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းပညာသင်ကြားခြင်းတို့ကို ခွဲဝေတာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ရွှေပြည်အေးလူငယ်များပြုစုပျိုးထောင်ရေးစခန်းမှာ ၂၀၀၅ ခုနှစ်နောက်ပိုင်းမှစပြီး သင်တန်းသားမရရှိတဲ့အတွက်ကြောင့် သင်တန်းများမဖွင့်နိုင်တော့သည်မှာ ယနေ့အထိပင်ဖြစ်ပါတယ်။

သင်တန်းသားတွေမရရှိရတဲ့အကြောင်းအရင်း အနေနဲ့ကတော့ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ပတ်သက်ပြီး လက်ရှိပြဋ္ဌာန်းထားတဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ မူးယစ်ဆေးသုံးစွဲသူတစ်ဦးဟာ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ဌာနသို့မဟုတ် ဆေးကုဂေဟာမှာ မှတ်ပုံတင်ရန်ပျက်ကွက်လျှင်ဖြစ်စေ ဆေးကုသရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက ထောင်ဒဏ်သုံးနှစ်မှ ငါးနှစ်အထိ အရေးယူနိုင်တဲ့အတွက် ဆေးဖြတ်ကုသလိုသူများအနေနဲ့ လာရောက်ဆေးဖြတ်လိုသော်လည်း ထိုသို့လာရောက်ပါက အရေးယူခံရနိုင်မည်ဟု လွဲမှားစွာဖြင့် စိုးရိမ်စိတ်ကြောင့်လည်းကောင်း စခန်းသို့သွားလာရန်ဝေးလံခြင်းနှင့် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းတို့ကြောင့်လည်းကောင်း သင်တန်းသားဦးရေ နည်းပါးခဲ့ပါတယ်။ ဒါ့အပြင် သင်တန်းသားရရှိရေးအတွက် ယခင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သင်တန်းသားတွေစုစည်းပေးခဲ့ရပြီး နောက်ပိုင်းမှာ မူးယစ်ဆေးဝါးသုံးစွဲသူသင်တန်းသားများစုစည်းရာမှာ အခက်အခဲဖြစ်ပေါ်ခဲ့ရပြီး သင်တန်းပို့ချတဲ့အစီအစဉ်ကိုလည်း ရပ်ဆိုင်းခဲ့ရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအနှံ့အပြားပျံ့နှံ့နေတဲ့ မူးယစ်ဆေးသုံးစွဲသူလူငယ်များကို အသိပညာပေးရေးနှင့်

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပြဿနာများ ကြုံတွေ့နေရတဲ့ တိုင်းဒေသကြီး/ပြည်နယ်အချို့မှာရှိတဲ့ ဒေသခံပြည်သူများမှ ပြန်လည် ထူထောင်ရေးစခန်းများ အမြန်ဆုံးတိုးချဲ့ဆောင်ရွက်ပေးနိုင်ရန် လိုလားတင်ပြချက်များအရလည်း ကောင်း၊ မူးယစ်ဗဟိုအဖွဲ့ရဲ့ ဆောင်ရွက်လျက်ရှိတဲ့ သုံးစွဲမှုပပျောက်ရေးကဏ္ဍမှာ ပိုမိုတိုးချဲ့ဆောင်ရွက် နိုင်ဖို့အတွက်လည်းကောင်း မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်ပြီး မူးယစ်ဆေးသုံးစွဲသူဝေဒနာရှင်များ လမ်းမှားပေါ်မရောက်ရှိစေရေးအတွက် ပြုစုပျိုးထောင်ရေး၊ ပညာပေးလေ့ကျင့်ရေး၊ ပြန်လည် ထူထောင်ရေးစခန်းတွေ အမြန်ဆုံးဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရေးတို့အတွက်လည်းကောင်း အလေး ထားဆောင်ရွက်ခဲ့တဲ့အခါမှာ မူလရှိပြီးဖြစ်တဲ့ လူငယ်များပြုစုပျိုးထောင်ရေးစခန်းသုံးခုအပြင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့မှာလည်း မူလဖွဲ့စည်းပုံအတိုင်း လူငယ်ပြုစု ပျိုးထောင်ရေးစခန်းများ အသစ်ထပ်မံတိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားရန် လိုအပ်လာကြောင်း တွေ့ရှိခဲ့ ရပါတယ်။

ဒါကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုတို့မှာ လူငယ်များပြုစုပျိုးထောင်ရေးစခန်းအသစ် ၁၄ ခု တိုးချဲ့ဖွင့်လှစ်ရန်နှင့် ရွှေပြည်သာလူငယ်များပြုစုပျိုးထောင်ရေးစခန်း(ပြည်မြို့၊ ဝက်ထီးကန်) တွင် မူလအတိုင်းထားရှိပြီး ရွှေပြည်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးစခန်းအား မူဆယ်မြို့ တီးမရွာ မှ လားရှိုးမြို့သို့လည်းကောင်း၊ ရွှေပြည်အေးလူငယ်များပြုစုပျိုးထောင်ရေးစခန်းအား ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့မှ ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့လည်းကောင်း ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက် ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါစာအမှတ်၊ ၁/၂၅၇/အဖရ ၂၃/၂၀၁၅ နှင့်လည်း သဘောတူခွင့်ပြုခဲ့ပြီးဖြစ်တဲ့အတွက် အကောင်အထည်ဖော်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။ လတ်တလောအနေအထားအရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရဲ့ အုပ်ချုပ်မှုအစီအစဉ်နဲ့ ပဲခူးတိုင်းဒေသ ကြီး၊ ဝက်ထီးကန်မှာရှိတဲ့ ရွှေပြည်သာလူငယ်များပြုစုပျိုးထောင်ရေးစခန်းမှာ မူးယစ်ဆေးစွဲလူငယ်များ အား စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိရာ မူးယစ်ဆေးစွဲလူငယ်တွေကို အဆိုပါစခန်းသို့ ပို့ဆောင်ပေး တဲ့အစီအစဉ်တွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အဆိုပါဖယ်ခုံမြို့နယ်အနီး တစ်ဝိုက် လတ်တလောလိုအပ်ချက်အရ မူးယစ်ဆေးစွဲကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း တွေ ဆောင်ရွက်ပေးရန်လိုအပ်ပါကလည်း ဒေသအတွင်းမှာရှိတဲ့ မူးယစ်ဆေးလူနာများအား မူးယစ် ဆေးဝါးသုံးစွဲမှုကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဒေသ

ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးကုသရေးအဖွဲ့၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး လူမှုအခြေပြု မူးယစ်ဆေးစွဲကုသမှုများ ဆောင်ရွက်ပေးနိုင်ပါကြောင်းနှင့် ဖယ်ခုံမြို့နယ်ရှိ ရွှေပြည်အေးလူငယ်ပြုစု ပျိုးထောင်ရေးစခန်းကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖိုးမောင်(ဖယ်ခုံမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါ။ ရွှေပြည်အေး လူငယ်ပြုစုပျိုးထောင်ရေးစခန်းကို လွိုင်ကော်ဘက်ကို ရွှေ့မယ်ဆိုတော့ ကျွန်တော်တို့ ဖယ်ခုံမြို့နယ်မှာရှိတဲ့ ရွှေပြည်အေးလူငယ်ပြုစုပျိုးထောင်ရေးစခန်းကို မည်သို့ဆက်လက်ဆောင်ရွက် သွားမည်ဆိုတာ သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လက်ရှိ ကျွန်တော်တို့ ရွှေပြည်အေးလူငယ်ပြုစုပျိုးထောင်ရေးဌာနကို လွိုင်ကော်ကို ဖွဲ့တဲ့အခါမှာ ဖွဲ့စည်းပုံအရ ပြောင်းရွှေ့ ခြင်းသာဖြစ်ပြီး လက်ရှိအဆောက်အဦတွေနဲ့ တည်ရှိတဲ့နေရာနဲ့ပတ်သက်ပြီးတော့ လက်ရှိမှာ ကျွန်တော်တို့ရဲတပ်ဖွဲ့က တာဝန်ယူထားတဲ့ အဆောက်အဦလေးလုံး၊ ကျန်းမာရေးက အဆောက်အဦ ရှစ်လုံး၊ လူမှုဝန်ထမ်းကကိုးလုံး၊ မွေးမြူရေးနှင့်ကုသရေးကငါးလုံး စုပေါင်းရုံးအနေနဲ့ နှစ်လုံး စုစုပေါင်း ၂၈ လုံးနှင့် စိုက်ပျိုးရေးမှ ၁၇ လုံး စုစုပေါင်း အဆောက်အဦ ၄၅ လုံးကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီး ဌာနများကနေ တာဝန်ယူထိန်းသိမ်းထားရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကုသရေးဌာနပြောင်းရွှေ့ပြီးတဲ့ အခါမှာ ဒီကျန်ရှိနေတဲ့အဆောက်အဦတွေနဲ့ ဌာနများ အသုံးချမှုအပိုင်းကိုတော့ သက်ဆိုင်ရာပြည်နယ် အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ကျောက်ထုမြို့အား ကျောက်ထုမြို့နယ်အဖြစ် အမြန်ဆုံးဖွဲ့စည်းသတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်တင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတာက ကျောက်ထုမြို့အား ကျောက်ထုမြို့နယ်အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျောက်ထုမြို့ဟာ ဆောမြို့မှမြောက်ဘက် ၂၅ မိုင်အကွာမှာတည်ရှိပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန ၆-၅-၂၀၀၄ ရက်စွဲပါစာအမှတ်၊ ၁၀၀/၂၂-၃၆၆/ဦး-၁ ဖြင့် ပေးပို့တဲ့အမိန့်ကြော်ငြာစာအရ ကျောက်ထုကျေးရွာ၊ ဂုံဘိုကျေးရွာ၊ နတ်ရဲကျေးရွာတို့အား စုစည်း၍ ကျောက်ထုမြို့နယ်ခွဲအဖြစ် သတ်မှတ်ခဲ့ပြီး မြို့မရပ်ကွက်၊ ဂုံဘိုရပ်ကွက်၊ လေယာဉ်ကွင်းရပ်ကွက် ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ ကျေးရွာပေါင်း ၄၃ ရွာဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၂-၆-၂၀၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာ(၆၁၁/၂၀၁၄)ဖြင့် မြို့နယ်ခွဲစကားရပ်အား ပယ်ဖျက်ခဲ့တဲ့အတွက် မြို့အဖြစ်ဖွဲ့စည်းထားရှိပါတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာ ၂၁ ဌာနဖြင့် ဒေသလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၅၀ ခုနှစ်က ကျောက်ထုလေယာဉ်ကွင်းကိုတည်ဆောက်ခဲ့ရာ ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့၊ မတူပီမြို့၊ ကန်ပက်လက်မြို့နှင့် ဆောမြို့နယ်တို့မှာ ပြည်သူများလေကြောင်းဖြင့် သွားလာနိုင်တဲ့ လေဆိပ်ဖြစ်ခဲ့ပါတယ်။ အခုလည်း ပြန်လည်အသုံးပြုနေပါတယ်။ ထို့အပြင် မန္တလေး-ပခုက္ကူ-ပေါက်-ကျောက်ထု-ကန်ကြီး-မင်းတပ်-ကန်ပက်လက်မြို့ ကားလမ်း၊ ငဖဲ-စေတုတ္တရာ-ဆော-ကျောက်ထု-ထီးလင်း-ဂန့်ဂေါ-ကလေးမြို့တို့နှင့် ခရိုင်ချင်းဆက်ကားလမ်းများဖောက်လုပ်ခဲ့ရာ ကူးသန်းသွားလာမှုအချက်အချာကျတဲ့ မြို့ဖြစ်နေပြီ ဖြစ်ပါတယ်။ ကျောက်ထုဒေသအတွင်း ဘက်စုံစိုက်ပျိုးသီးနှံများ စိုက်ပျိုးအောင်မြင်ပြီး ဒေသဖွံ့ဖြိုးလျက်ရှိပါတယ်။ မြို့နယ်အဖြစ်သတ်မှတ်ပေးပါက ဂန့်ဂေါခရိုင်အတွင်း လေးမြို့နယ်ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ထုမြို့အား ကျောက်ထုမြို့နယ်အဖြစ် အမြန်ဆုံးဖွဲ့စည်းသတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ၊ မည်သည့်နှစ်တွင် မြို့နယ်အဆင့်တိုးမြှင့်သတ်မှတ်ပေးနိုင်မယ့်အစီအစဉ်ကို သိရှိလိုပါ

သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအား နယ်လူထုကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင် မေးမြန်းတဲ့မေးခွန်းအပေါ် ကျွန်တော် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ မှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လာပါလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက် ပေးရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်ကို ယခင်က မြို့တစ်မြို့၊ ရပ်ကွက် နှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၅ အုပ်စု၊ ကျေးရွာ ၁၁၅ ရွာနှင့် ဖွဲ့စည်းထားရှိခဲ့ပါ တယ်။ ဆောမြို့နယ်အတွင်းမှာရှိတဲ့ ကျောက်ထုကျေးရွာအုပ်စုကိုလည်း ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာ အုပ်စု ၂၉ အုပ်စု၊ ကျေးရွာ ၄၃ ရွာ ပါဝင်တဲ့ ကျောက်ထုမြို့နယ်ခွဲအဖြစ် ၂၀၀၄ ခုနှစ်၊ မေလ ၆ ရက်နေ့ မှာ ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၁ မှာ ပြဋ္ဌာန်းချက်နှင့်အညီဖြစ်စေဖို့ အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသဘောတူညီချက်အရ ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှာ မြို့နယ်ခွဲစကားရပ်ကို ပယ်ဖျက်ပြီး မြို့အဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ တဲ့အတွက် မြို့နယ်ခွဲရှစ်ခုကို မြို့အဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ပေးခဲ့ပါတယ်။ ထိုကဲ့သို့ မြို့နယ်ခွဲ စကားရပ်ကို မပယ်ဖျက်ခင်မှာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ မြို့ ၃၉ မြို့၊ မြို့နယ်ခွဲ ၈၄ ခု ရှိခဲ့ပြီးတော့ မြို့နယ်ခွဲစကားရပ်ကို ပယ်ဖျက်ပြီးတဲ့နောက်မှာတော့ အသစ်ထပ်မံဖွဲ့စည်းတဲ့မြို့ ၂၃ မြို့ဖြစ်တဲ့အတွက် ယခုအချိန်မှာ မြို့စုစုပေါင်း ၁၄၆ မြို့ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျောက်ထုမြို့နယ်ခွဲဟာ

မြို့နယ်ခွဲစကားရပ်ပယ်ဖျက်ပြီးတဲ့နောက်မှာ ကျောက်ထုမြို့အဖြစ် ပြောင်းလဲသွားပြီဖြစ်တဲ့အတွက် ဆောမြို့နယ်ကို မြို့နှစ်မြို့နှင့် ရပ်ကွက်ငါးခု၊ ကျေးရွာအုပ်စု ၆၃ အုပ်စု၊ ကျေးရွာ ၁၁၅ ရွာနှင့် ဖွဲ့စည်းထားရှိပါတယ်။ ကျောက်ထုမြို့ဟာ ဆောမြို့နယ်အတွင်းမှာရှိတဲ့မြို့တစ်မြို့ဖြစ်ပြီး ရပ်ကွက် သုံးရပ်ကွက်၊ အိမ်ခြေ ၁၀၂၆ အိမ်၊ အိမ်ထောင်စု ၁၀၃၆ စု၊ လူဦးရေစုစုပေါင်း ၄၇၄၆ ဦးရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ မြို့မှာ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း၊ အခြေခံမူလတန်းကျောင်းနှစ်ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းတစ်ကျောင်း၊ မူကြိုကျောင်းတစ်ကျောင်း၊ ၁၆ ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ စေတီကိုးဆူ၊ ဘုန်းကြီးကျောင်းသုံးကျောင်းရှိပြီး အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး၊ စစ်မှုထမ်းဟောင်း၊ ကြက်ခြေနီ၊ အရန်မီးသတ် စသော လူမှုရေးအသင်းအဖွဲ့များလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ ကျောက်ထုမြို့မှာ ပခုက္ကူ-ပေါက်-ကျောက်ထု-ကန်ကြီး-မင်းတပ်လမ်း မြို့ချင်းဆက်လမ်းတစ်လမ်း၊ မြို့တွင်းကတ္တရာလမ်းနှစ်လမ်း၊ ကျောက်ချောလမ်း ၁၃ လမ်း၊ ဆက်သွယ်ရေးတာဝါတိုင်တစ်တိုင်၊ တယ်လီနောတာဝါတိုင်နှစ်တိုင်နှင့် အစိုးရဌာနပေါင်း ၂၁ ဌာနရှိပါတယ်။ မြို့အဖြစ်သတ်မှတ်ထားတဲ့ မြို့ ၁၄၆ မြို့ရဲ့အခြေအနေနဲ့ပတ်သက်ပြီးတော့ လူဦးရေ ၅၀၀၀ အောက်မှာရှိတဲ့မြို့က ၅၃ မြို့ဖြစ်ပါတယ်။ ကျောက်ထုမြို့အပါအဝင်ဖြစ်ပါတယ်။ ကျန်မြို့တွေကတော့ လူဦးရေ ၁၀၀၀၀ အထက်ရှိတဲ့မြို့ကနေ လူဦးရေ ၁၀၀၀၀၀ အထက်ရှိတဲ့မြို့ နှစ်မြို့၊ လူဦးရေ ၇၀၀၀၀ အထက်ရှိတဲ့ မြို့တစ်မြို့၊ လူဦးရေ ၄၀၀၀၀ အထက်ရှိတဲ့မြို့တစ်မြို့၊ လူဦးရေ ၃၀၀၀၀ အထက်ရှိတဲ့မြို့လေးမြို့၊ လူဦးရေ ၂၀၀၀၀ အထက်ရှိတဲ့ မြို့ ၁၃ မြို့၊ လူဦးရေ ၁၀၀၀၀ အထက်ရှိသော မြို့ ၃၉ မြို့နှင့် လူဦးရေ ၅၀၀၀ နှင့် ၁၀၀၀၀ ကြားမှာရှိသော မြို့ ၃၃ မြို့ရှိတဲ့အတွက် လူဦးရေ ၅၀၀၀ နှင့်အထက်မြို့က ၉၃ မြို့ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကျောက်ထုမြို့ကို မြို့နယ်အဖြစ်တိုးချဲ့ဖွဲ့စည်းရန် တင်ပြလာခဲ့ပါက ၎င်းမြို့များကိုလည်း မြို့နယ်အဖြစ် တိုးချဲ့ဖွဲ့စည်းပေးရမယ့်အခြေအနေများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရပါတယ်။ မြို့အဆင့်မှာ အစိုးရဌာန ၂၁ ခုရှိပြီး၊ မြို့နယ်အဆင့်မှာတော့ အစိုးရဌာနပေါင်း ၃၉ ခုအထိ တိုးချဲ့ဖွဲ့စည်းရမှာဖြစ်တဲ့အပြင် ရုံးဌာနများရဲ့ ဖွဲ့စည်းပုံကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ထိုသို့ မြို့ ၁၄၆ မြို့ကို မြို့နယ်အဆင့်တိုးမြှင့်မည်ဆိုပါက တိုးချဲ့ဖွဲ့စည်းတာဝန်ပေးရမယ့်ဝန်ကြီးဌာနအသီးသီးမှ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများစွာ တိုးမြှင့်ခန့်အပ်ရန်လိုအပ်လာမည့်အပြင် လတ်တလောအခြေအနေအရလည်း ဝန်ထမ်းများလုံလောက်စွာ တာဝန်ပေးအပ်ရန် အခက်အခဲများရှိပါတယ်။ ဒါကြောင့် ရုံးအဆောက်အဦ၊ နေအိမ်အဆောက်အဦတွေနဲ့ အခြားသောပစ္စည်းများ

ဖြည့်တင်းဖို့အတွက်လည်း ငွေလုံးငွေရင်းများစွာလိုအပ်ခြင်း၊ ရုံးလုပ်ငန်းဆောင်ရွက်နိုင်ရေး၊ သာမန်ငွေစာရင်းများစွာလိုအပ်ခြင်း စတဲ့ နိုင်ငံတော်ဘဏ္ဍာများစွာသုံးစွဲရမယ့် အခြေအနေများနှင့် လုပ်ငန်းစဉ်များစွာ လိုအပ်လာမည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ ပုဒ်မခွဲ(က)မှာလည်း မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းတဲ့မြို့ကိုတစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့်မြို့နယ်တစ်ခုမှာ ပူးပေါင်း၍လည်းကောင်း၊ ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟု ပြဋ္ဌာန်းထားရှိတဲ့အတွက် မြို့နယ်တိုးချဲ့ဖွဲ့စည်းခြင်းဟာ ပြည်သူ့လွှတ်တော်ရွေးချယ်ဖွဲ့စည်းမှုအပေါ် အုပ်ချုပ်မှု၊ စီမံမှုဆိုင်ရာ အငြင်းပွားဖွယ်ရာကိစ္စရပ်များလည်းပေါ်ပေါက်လာနိုင်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် လက်ရှိအခြေအနေများအရ ကျောက်ထုမြို့ကိုမြို့နယ်အဖြစ်တိုးချဲ့ဖွဲ့စည်းရန် မသင့်သေးပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ညှိနှိုင်းဖြေကြားလာခဲ့တဲ့အတွက် ကျောက်ထုမြို့နယ်အဖြစ် တိုးချဲ့ဖွဲ့စည်းရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် အကျဉ်းသား အကျဉ်းသူများအား ကြီးကြပ်ကူညီစောင့်ရှောက်မည့် ကော်မတီများ ဖွဲ့စည်းပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ယနေ့မြန်မာနိုင်ငံမှာရှိတဲ့ အကျဉ်းထောင်များ၊ ရဲဘက်စခန်းများနဲ့ အချုပ်များမှာရှိတဲ့ အကျဉ်းသူအကျဉ်းသားများနဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီလိုမေးရတဲ့အကြောင်းကတော့ ကျွန်တော်တို့လည်း ဒီထဲမှာ ပြည်ထောင်စုလွှတ်တော်ထဲမှာ ထောင်အတွေ့အကြုံရှိတဲ့ဦးရေ တစ်ရာကျော်လည်း ပါပါတယ်။ ဒါဖြစ်လေ့ဖြစ်ထရှိတဲ့ အကျဉ်းထောင်အတွင်းက ပြဿနာတွေကို အားလုံးဝိုင်းဝန်းကူညီဖြေရှင်းဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မေးခြင်းဖြစ်ပါတယ်။ ၁၈၉၂ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ အကျဉ်းထောင်များအက်ဥပဒေမှာ အကျဉ်းထောင်နဲ့ အကျဉ်းခန်းတွေကို ကြီးကြပ်ကူညီ

စောင့်ရှောက်နိုင်ဖို့ ဘုတ်အဖွဲ့များ ဖွဲ့စည်းခဲ့ပါတယ်။ ခေတ်အလျောက် တာဝန်ပေးခံရသူများနဲ့ အကျဉ်းဦးစီးဌာနတို့ပူးပေါင်းပြီး ကြီးကြပ်ကွပ်ကဲကူညီစောင့်ရှောက်တဲ့ အဖွဲ့များကို ဖွဲ့စည်းခဲ့ကြပြီး တော့ အကျဉ်းသားများကို စောင့်ရှောက်ခဲ့ကြပါတယ်။ သို့သော်လည်းပဲ ကူညီစောင့်ရှောက်သည်ထက် ကြီးကြပ်ကွပ်ကဲသည်က အလေးသာနေသည့် အခြေအနေများကိုသာ တွေ့ခဲ့ရဖူးပါတယ်။ ဒီမိုကရေစီ နိုင်ငံတော်သစ်မှာ အကျဉ်းထောင်အတွင်းမှာရှိတဲ့ အကျဉ်းသူအကျဉ်းသားများရဲ့ အခွင့်အရေးကို ကူညီစောင့်ရှောက်မြှင့်တင်ပေးဖို့ အားလုံးမှာတာဝန်ရှိတယ်လို့ ပြောကြားလိုပါတယ်။ ကျွန်တော်တို့က အတွေ့အကြုံအရ ထောင်အတွင်းမှာ ဖြစ်တတ်တဲ့အလေ့အထလေးတွေကို တင်ပြလိုပါတယ်။ ဘယ်လို ဟာတွေလည်းဆိုတော့ ကျွေးမွေးတဲ့အစားအသောက်တွေဟာ ကောင်းမွန်ခြင်းရှိ/မရှိ၊ လုံလောက်ခြင်း ရှိ/မရှိ ဒါတွေကို အများသိဖို့လိုအပ်ပါတယ်။ နောက် ပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသားအကျဉ်းသူများ ရဲ့ မိသားစုများ လာရောက်တွေ့ဆုံတဲ့အခါမှာ အဆင်တပြေတွေ့ရတာ၊ ရှောရှောရှူရှူတွေ့ရတာ ရှိ/မရှိ ဒါမျိုးတွေလည်း အများသိဖို့လိုပါတယ်။ အကျဉ်းသူအကျဉ်းသားများကို ထောင်ပိုင်ထောင်မှူး များမှ တစ်ပတ်တစ်ကြိမ်တွေ့ဆုံ၍ အခက်အခဲများကို တင်ပြစေနိုင်ရန်နှင့် အယူခံလျှောက်ထားရန် လိုအပ်သော အကျဉ်းသားအသစ်များအားကူညီရန် အကျဉ်းသူအကျဉ်းသားများမှ အရေးတကြီးတင်ပြ ဆောင်ရွက်ရန်ရှိပါက တင်ပြနိုင်ဖို့ရန်အတွက် အကျဉ်းထောင်မှာလည်း သီးသန့်တာဝန်ပေးထားတဲ့ ပုဂ္ဂိုလ်တွေရှိဖို့ လိုအပ်ပါတယ်။ အကျဉ်းထောင်များမှာ အကျဉ်းသားများဟာ ဥပဒေအရ ရပိုင်ခွင့်များ ကို ငွေနဲ့လဲလှယ်ဝယ်ယူနေရတာတွေလည်း ကျွန်တော်တို့တွေ့ခဲ့ဖူးပါတယ်။ ဥပမာပေါ့ လျှော့ရက် ဆိုရင် ပုံမှန်ရရမယ့်လျှော့ရက်တွေကို ပိုက်ဆံပေးမှ လျှော့ခဲ့ရတာတွေ၊ ဘာတွေလည်း တွေ့ခဲ့ကြုံခဲ့ ဖူးပါ တယ်။ နောက်သက်တောင့်သက်သာနေဖို့ရာအတွက်လည်း ငွေပေးခဲ့ရတာတွေ၊ ထောင်အပြင်ဘက်မှာ ထွက်ပြီးတော့ ထောင်အပြင်အလုပ်ဘုတ်ကိုလုပ်ဖို့အတွက် ပိုက်ဆံပေးခဲ့ရတာတွေ လာဘ်ပေး လာဘ်ယူတွေကလည်း ရှိခဲ့ပါတယ်။ နောက် အကျဉ်းထောင်အတွင်း လာဘ်ပေးလာဘ်ယူမှု တွေဟာ ခွဲခြားဆက်ဆံမှုတွေဖြစ်လာပြီး ထောင်အတွင်း မကျေနပ်မှုတွေ ဖြစ်တဲ့အလေ့အထတွေ ဖြစ်ပေါ်လာ တတ်ပါတယ်။

နောက်ပြီးတော့ အုပ်စုဖွဲ့ပြီးတော့ အကျဉ်းသားအချင်းချင်း အနိုင်ကျင့်တာ တွေလည်း ဖြစ်လာတတ်ပါတယ်။ နောက် အလုပ်လုပ်ရတဲ့ အကျဉ်းသားများမှာလည်း ထိုက်ထိုက်တန်တန် လုပ်အားခရရှိစေဖို့၊ နေပူဒဏ်အင်မတန်ပြင်းထန်တဲ့ အချိန်ကာလတွေမှာ နေ့လယ်ပိုင်းကို အလုပ်နား ဖို့ လိုတာတွေလည်း လိုအပ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အကျဉ်းထောင်တိုင်းမှာ

လည်း ဆရာဝန်တွေ၊ သူနာပြုတွေ လိုအပ်ပါတယ်။ ကျွန်တော်တို့ တွေ့ခဲ့၊ ကြုံခဲ့ရတုန်းဆိုရင် ကျွန်တော်တို့ ရွှေဘိုထောင်မှာနေခဲ့ရပါတယ်။ အဲဒီတုန်းကဆိုရင် ၂၀၀၉-၂၀၁၀ အထိ ဆရာဝန်ဆိုတာ ထောင်ထဲမှာမရှိခဲ့ပါဘူး။ ဒီဘက်ပိုင်းမှာပဲ ရှိပါတယ်။ အစားအသောက်၊ သောက်သုံးရေတွေကိုလည်း စစ်ဆေးကြည့်ရှုဖို့ရန် လိုပါတယ်။ ဒါ ကျွန်တော်တို့ ဒီနှစ်ထဲမှာပဲ မေလဆန်းပိုင်းမှာ ဘားအံထောင် ကလေးကျောင်းတောင်မှ ရေမလုံလောက်တဲ့ သတင်းကိုဖတ်ရတဲ့အခါမှာ အင်မတန်ကိုလည်း ကိုယ်ချင်းစာမိပါတယ်။ စိတ်မကောင်းလည်းဖြစ်မိပါတယ်။ နောက် အကျဉ်းထောင်ဝန်ထမ်းများနှင့် အကျဉ်းသား၊ အကျဉ်းသူတို့ပူးပေါင်းပြီး ဥပဒေအရကန့်သတ်တားမြစ်ထားတဲ့ ပစ္စည်းများပေးခြင်းကို ထိန်းသိမ်းရပါမယ်။ ဒီလိုထိန်းသိမ်းနေတဲ့ကြားထဲကပဲ ပြီးခဲတဲ့မေလထဲမှာ မော်လမြိုင်အကျဉ်းထောင်မှာ မူးယစ်ဆေးဝါးသွင်းနေတယ်လို့ သံသယရှိလို့ သက်ဆိုင်ရာကနေဝင်ရောက်စစ်ဆေးခဲ့တာတွေ၊ ဆောင်ရွက်ခဲ့တာတွေ လုပ်ပါတယ်။ ဒီကိစ္စကို ကျွန်တော် ဘာကြောင့်ပြောချင်သလဲဆိုရင် လေ့လာတဲ့ သူတိုင်းသိပါတယ်။ မက်ဆီကိုအကျဉ်းထောင်တွေမှာဆိုလို့ရှိရင် မူးယစ်ဆေးရာဇာတွေနဲ့ ခဏခဏ ပြဿနာတက်ပါတယ်။ အဲဒီလိုပြဿနာတက်ပြီးတော့ မထိန်းနိုင်မသိမ်းနိုင်ဖြစ်ခဲ့ရတဲ့ အဖြစ်မျိုးတွေ လည်း တွေ့ခဲ့ရဖူးပါတယ်။ ဖတ်ခဲ့ရဖူးပါတယ်။ အကျဉ်းသား၊ အကျဉ်းသူများအား ယုံကြည်တဲ့ ဘာသာ တရားအလျောက် ဗုဒ္ဓဘာသာဝင်တွေဆိုရင် သီလစောင့်တည်တာ၊ တရားထိုင်ခြင်းကို အားပေးသင့်ပါ တယ်။ ဟိန္ဒူ၊ ခရစ်ယာန်နဲ့ ဆုတောင်းဝတ်ပြုခြင်းနှင့် အစ္စလာမ်ဘာသာဝင်များအတွက် ရာမာဒန်ဥပုသ် ကာလမှ ညစာကျွေးမွေးထောက်ပံ့ခြင်းဖြင့် ပြစ်ဒဏ်ကျခံရသူတို့အား စိတ်ထားနူးညံ့သိမ်မွေ့ပြီး စာရိတ္တ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် အကျဉ်းသာအကျဉ်းသူများအား ကြီးကြပ်ကူညီစောင့်ရှောက်မည့် ကော်မတီများ ဖွဲ့စည်းပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊

ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်မေးမြန်းတဲ့ မေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှာ လက်ရှိကိုင်တွယ်ကျင့်သုံးလျက်ရှိတဲ့ ၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်များလက်စွဲအပိုင်း(၁)၊ အခန်း ၄၊ အပိုဒ် ၂၄ နှင့် အပိုဒ် ၂၆ တို့မှာ အကျဉ်းထောင် ပြင်ပဧည့်သည်များနှင့်ပတ်သက်၍ ပြဋ္ဌာန်းပါရှိပါတယ်။ ဧည့်သည်များအဖွဲ့ရဲ့ လုပ်ငန်းတာဝန်တွေဟာ အကျဉ်းထောင်အုပ်ချုပ်ရေးစနစ်ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ထားသော်လည်း လက်တွေ့တွင် အကျဉ်းထောင်အာဏာပိုင်အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုကို အကျဉ်းသားများ နာခံလိုစိတ်နည်းပါး လာပြီး ပြဿနာအသေးအဖွဲများကိုပင် ဧည့်သည်အဖွဲ့နှင့်တွေ့ပြီးမှ တင်ပြမှုအခြေအနေများ ဖြစ်ပေါ် လာခဲ့ပါတယ်။အကျဉ်းထောင်အာဏာပိုင်အဖွဲ့အစည်းပေါ်မှာ အကြပ်ကိုင်မှု၊ မခန့်မလေးစားပြုလုပ်မှု၊ စည်းကမ်းဖောက်ဖျက်မှုများ တဖြည်းဖြည်းများပြားလာခဲ့ပြီး ဆူပူမှု၊ အကြမ်းဖက်မှု၊ ပုန်ကန်မှုများအထိ ဖြစ်ပေါ်လာခဲ့တဲ့အတွက် ၁၉၇၅ ခုနှစ်မှာ ပြင်ပဧည့်သည်များအဖွဲ့ထားရှိမှုကို ရပ်ဆိုင်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ ထိုကဲ့သို့ အကျဉ်းထောင်များသို့ ပြင်ပဧည့်သည်အဖွဲ့များထားရှိမှုကို ရပ်ဆိုင်းခဲ့ သော်လည်းပဲ နောက်ပိုင်းကာလမှာ ယနေ့အထိ အကျဉ်းထောင်ဧည့်သည်များဖြစ်သော ခရိုင်မြို့နယ် အဆင့် အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် တရားသူကြီးများ၊ သက်ဆိုင်ရာခရိုင်တရားသူကြီးနှင့် တရားသူကြီးချုပ်များ၊ သက်ဆိုင်ရာရဲတပ်ဖွဲ့မှူး များ၊ သက်ဆိုင်ရာဆေးရုံများမှ ဆရာဝန်များ၊ ကြက်ခြေနီအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ စသည့်သက်ဆိုင်ရာအကျဉ်းထောင်များသို့ လစဉ်သို့မဟုတ် သင့်လျော်သည့်အချိန်များ တွင် ဝင်ရောက်ကြည့်ရှု၍ အကျဉ်းသားအကျဉ်းသူများ၏ အခက်အခဲများကို ဖြေရှင်းပေးခြင်း၊ နှစ်သိမ့် ဆွေးနွေးအကြံပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အကျဉ်းသားအကျဉ်းသူများ၏ မိသားစု ဆွေမျိုးများထံပေးပို့လိုတဲ့စာများကိုလည်း လိပ်စာအတိုင်းပေးပို့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေး ခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ ICRC ကလည်း မြန်မာနိုင်ငံမှာရှိတဲ့အကျဉ်းထောင်များကို လေ့လာကြည့်ရှုမှုနှင့်ပတ်သက် ပြီး MOU လက်မှတ်ရေးထိုးထားခြင်းမရှိသော်လည်းပဲ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုတို့ တည်ဆောက်ပြီး ၁၉၉၆ ခုနှစ်၊ မေလ ၆ ရက်နေ့မှာ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ စတင်ဝင်ရောက် လေ့လာခွင့်ပြုခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ မြန်မာနိုင်ငံရှိအကျဉ်းထောင်များသို့

စုစုပေါင်း ၄၀၂ ကြိမ်ဝင်ရောက်ခဲ့ပြီး ဆပ်ပြာ၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာများထောက်ပံ့ခြင်း၊ ရေရရှိရေးနှင့်အထောက်အပံ့များ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းတွေအတွက် ငွေကျပ် ၁၇၉ သန်းကျော် တန်ဖိုး ထောက်ပံ့ပေးမှုများလည်း ပြုလုပ်ခဲ့ပါတယ်။

၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့နောက်ပိုင်းမှာတော့ မြန်မာနိုင်ငံရှိအကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ ICRC ဝင်ရောက်မှုကို ခေတ္တရပ်ဆိုင်းခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်အတွင်းမှာ အကျဉ်းထောင် ၁၅ ခု စခန်းတစ်ခု ပေါင်း ၁၆ ခုကို စုစုပေါင်း ၁၉ ကြိမ်၊ ၂၀၁၄ ခုနှစ်မှာ အကျဉ်းထောင် ၁၆ ခုနှင့် စခန်း ရှစ်ခု ပေါင်း ၂၄ ကြိမ် ဝင်ရောက်ခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့အထိ အကျဉ်းထောင် ၁၅ ခု အကျဉ်းစခန်း ၁၁ ခု စုစုပေါင်း ၂၆ ခုတို့ စုစုပေါင်း အကြိမ် ၄၀ လည်း ဝင်ရောက်လေ့လာခဲ့ပြီး ဖြစ်ပါတယ်။ ICRC အကျဉ်းထောင်စခန်းများသို့ ဝင်ရောက်လေ့လာကြည့်ရှု၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သက်ဆိုင်သည့်အချက်များအပါအဝင် အကြံပြုချက်များကိုလည်း ပေးပို့လာတဲ့အတွက် သက်ဆိုင်ရာအကျဉ်းထောင်များမှလည်း အကြံပြုချက်များအပေါ် လိုအပ်ချက်များကို လိုက်နာဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါအပြင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှလည်း အကျဉ်းထောင်စခန်းများသို့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့အထိ အကျဉ်းထောင်စခန်း ၂၀ ခုသို့ ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါတယ်။ လူ့အခွင့်အရေးကော်မရှင်အနေနဲ့လည်း စစ်ဆေးတွေ့ရှိချက်များအရ လိုအပ်ချက်များ၊ အကြံပြုချက်များပေးခဲ့ပြီး အကျဉ်းထောင်စခန်းများမှလည်း ၎င်းတို့ရဲ့အကြံပြုချက်များအပေါ် အလေးအနက်ထားပြင်ဆင်ဆောင်ရွက်လျက် ရှိပါတယ်။ ဒါအပြင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားချက်အမှတ်(၅/၂၀၁၃)ဖြင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားသူကြီးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများနှင့် ခရိုင်တရားသူကြီးများဟာ သက်ဆိုင်ရာဒေသအတွင်းမှာရှိတဲ့ အကျဉ်းထောင်စခန်းများသို့ တစ်လလျှင်တစ်ကြိမ် စစ်ဆေးသွားရန် ညွှန်ကြားခဲ့ပါတယ်။ ထိုသို့ ညွှန်ကြားချက်အရ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့အထိ သက်ဆိုင်ရာဒေသအတွင်းရှိ အကျဉ်းထောင်စခန်း ၈၀ ခုတို့ ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီးချုပ်မှ ၂၁ ကြိမ်၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်မှ ၆၂ ကြိမ်၊ တိုင်းဒေသကြီး/ပြည်နယ်တရားသူကြီးမှ ၁၆၂ ကြိမ်၊ ခရိုင်တရားသူကြီးချုပ် ခရိုင်တရားသူကြီးတို့မှာ

၁၅၇ ကြိမ် ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုချက်များ ပေးပို့ခဲ့တဲ့အတွက် သက်ဆိုင်ရာမှ အကြံပြုချက်များအပေါ် အလေးအနက်ထားပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ ကျွေးမွေးသောအစားအသောက်ကောင်းမွန်ခြင်းရှိ/မရှိ၊ လုံလောက်မှုရှိ/မရှိလေ့လာရန် အချက်နှင့်ပတ်သက်ပြီး အကျဉ်းထောင်စခန်းများကို ခေတ်နှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲလာရာမှာ အကျဉ်းသား၊ အချုပ်သားများရဲ့ စားသောက်မှုကို ပိုမိုကောင်းမွန်စွာကျွေးမွေးနိုင်ဖို့အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အကျဉ်းသား၊ အချုပ်သားတစ်ဦးကို တစ်နေ့ ၆၀၀ ကျပ်နှုန်းနှင့် ရဲဘက်တစ်ဦးကို တစ်နေ့ ၆၂၅ ကျပ်နှုန်းဖြင့် ရိက္ခာတိုးမြှင့်လျက်ရှိပါတယ်။ ရက်သတ္တပတ် တစ်ပတ်လျှင် ကုလားပဲငါးကြိမ် တစ်ကြိမ်မှာ ခုနစ်ကျပ်သားနှုန်းဖြင့်လည်းကောင်း၊ အသားနှစ်ကြိမ် တစ်ကြိမ်ကို ခုနစ်ကျပ်သားနှုန်းဖြင့်လည်းကောင်း ကျွေးမွေးလျက်ရှိပါတယ်။ နိုင်ငံတော်မှ မြို့ပေါက်ဈေးဖြင့်သတ်မှတ်ထားသော နှုန်းထားများအတိုင်း ရိက္ခာများအပြည့်အဝရရှိစေရေးကိုလည်း အလေးထားကျပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား၊ အကျဉ်းသူများကို မိသားစုမှလာရောက်တွေ့ဆုံတဲ့အခါ အဆင်ပြေလွယ်ကူမှုရှိစေရန်ဆိုတဲ့ ဖော်ပြချက်နှင့်စပ်လျဉ်းပြီးတော့ လူဦးရေများပြားသော ဗဟိုအကျဉ်းထောင်တွေမှာ ထောင်ဝင်စာတွေ့ဆုံတဲ့ရက်ကို အကျဉ်းသားတွေ့ဆုံရမည့်ရက်နှင့် အချုပ်သားတွေ့ဆုံးရမည့်ရက်ဟု ယခင်ကသတ်မှတ်ခဲ့ပြီး နှစ်ပတ်တစ်ကြိမ် တွေ့ဆုံခွင့်ပြုခဲ့ပါတယ်။ တွေ့ဆုံချိန်ကိုလည်း ၁၅ မိနစ် ခွင့်ပြုခဲ့ပါတယ်။ ယခုအခါမှာတော့ ဖြေလျှော့မှုစနစ်အရ အကျဉ်းသားတွေ့ဆုံတဲ့ရက်နှင့် အချုပ်သားတွေ့ဆုံတဲ့ရက်ကို ခွဲခြားခြင်း မပြုတော့ဘဲနဲ့ တစ်ပတ်တစ်ကြိမ် တွေ့ခွင့်ပြုထားပြီးဖြစ်ပါတယ်။ တွေ့ဆုံချိန်ကိုလည်း မိနစ် ၃၀ အထိ တိုးမြှင့်ခွင့်ပြုထားကြောင်း တင်ပြအပ်ပါတယ်။ မေးခွန်းမှာပါရှိတဲ့ အကျဉ်းသား၊ အကျဉ်းသူများကို ထောင်ပိုင်၊ ထောင်မှူးများမှ တစ်ပတ်တစ်ကြိမ်တွေ့ဆုံ၍ အခက်အခဲများကို တင်ပြစေရန်နှင့် အယူခံလျှောက်ထားရန်လိုအပ်တဲ့ အကျဉ်းသားအသစ်များကူညီရန် အကျဉ်းသား၊ အကျဉ်းသူများမှ အရေးတကြီး တင်ပြဆောင်ရွက်ရန်ကိစ္စရှိက တင်ပြနိုင်ရန် အကျဉ်းထောင်အရာရှိငယ်တစ်ဦးတာဝန်ပေးအပ်ရေးနဲ့ ပတ်သက်ပြီး အကျဉ်းထောင်စခန်းတွေမှာ တာဝန်ခံအရာရှိဟာ တနင်္လာနေ့တိုင်း အပတ်စဉ်အကျဉ်းသားများကို ကြည့်ရှုစစ်ဆေးရန် အကျဉ်းထောင်လက်စွဲအပိုဒ်(၅၁)မှာ ပြဋ္ဌာန်းထားရှိပြီး ပြဋ္ဌာန်းချက်နဲ့အညီ အကျဉ်းထောင်စခန်းတာဝန်ခံများမှာလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုသို့ တနင်္လာနေ့အပတ်စဉ် အကျဉ်းသားအကျဉ်းသူများကို တွေ့ဆုံခြင်းပြုရာဟာ အကျဉ်းသားတစ်ဦးစီရဲ့

အဝတ်အစား၊ အိပ်ယာနှင့် အသုံးအဆောင်ပစ္စည်းများ လုံလောက်မှုရှိ/မရှိ၊ သန့်ရှင်းစင်ကြယ်မှုရှိ/မရှိ၊ အကျဉ်းထောင်မှသတ်မှတ်ထားတဲ့ အထွေထွေစည်းကမ်းချက်များ၊ ညွှန်ကြားချက်များကို အကျဉ်းသား၊ အချုပ်သားများလိုက်နာမှုရှိ/မရှိ၊ ကျန်းမာရေးချို့တဲ့မှုကြောင့် သတ်မှတ်ထားသောအလုပ်ကို လုပ်ကိုင်နိုင်ခြင်းရှိ/မရှိ စဉ်းစားပေးခြင်း၊ ပေါ့ပါးသောအလုပ်တာဝန်ပေးခြင်းများ ပြောင်းရွှေ့ချထားခြင်းရှိ/မရှိ၊ အကျဉ်းသားများကို ဝန်ထမ်းများမှသော်လည်းကောင်း၊ အကျဉ်းသားအချင်းချင်းသော်လည်းကောင်း ပြုမူဆက်ဆံမှုများ အနိုင်အထက်ပြုမှုများ ခံစားနေရသော မကျေနပ်ချက်များကို အကျဉ်းသားကိုယ်တိုင် တာဝန်ခံအရာရှိထံတင်ပြနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် ၎င်းတို့ရဲ့ ပြစ်မှုဆိုင်ရာအယူခံများ၊ အသနားခံစာများ ဆောင်ရွက်ပေးရမယ့်အခြေအနေတွေနဲ့ ပတ်သက်ပြီးတော့လည်း လုပ်ဆောင်ပေးမှုများကို ပြဋ္ဌာန်းထားတဲ့ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး မှတ်တမ်းစာအုပ်မှာရေးသွင်းကာ တာဝန်ခံအရာရှိမှ လက်မှတ်ရေးထိုးပြီး တာဝန်ရှိသူများလာရောက်စစ်ဆေးချိန်မှာလည်း စနစ်တကျစစ်ဆေးခံလျက်ရှိကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ ဒါ့အပြင် အကျဉ်းထောင်ထဲအတွင်းမှာရှိတဲ့ အိပ်ဆောင်များမှာ ချိုးရေများ၊ သုံးရေများ၊ သောက်သုံးပြည့်စုံလုံလောက်မှုရှိ/မရှိနှင့် သန့်ရှင်းမှုရှိ/မရှိဆောင်ရွက်မှုအစီအမံတွေကို စစ်ဆေးကြည့်ရှုရပါတယ်။ အကျဉ်းသားလူသစ်များ အကျဉ်းထောင်သို့ရောက်ရှိတဲ့အခါမှာ ကျန်းမာရေးစစ်ဆေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးတဲ့အပြင် ချမှတ်ခြင်းခံရတဲ့ ပြစ်မှု၊ ပြစ်ဒဏ်နှင့် ပတ်သက်ပြီးသဘောရိုးကျေနပ်မှုမရှိပါက မေးမြန်းပြီး အကျဉ်းထောင်မှတရားရုံးသို့ အယူခံတင်သွင်းခြင်းကိုလည်းဆောင်ရွက်ပေးနိုင်ရန် အရာရှိငယ်တစ်ဦး၊ ထောင်ကျရုံးထောင်မှူးတစ်ဦးကို တာဝန်ပေးအပ်ပြီး ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အကျဉ်းထောင်များမှာ အကျဉ်းသားများဟာ ရပိုင်ခွင့်များကို ငွေနဲ့ဝယ်ယူရတယ်ဆိုတဲ့ ဖော်ပြချက်နဲ့စပ်လျဉ်း၍ ဥပဒေပါရပိုင်ခွင့်များအတွက် ငွေနဲ့ဝယ်ယူနိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းခြင်း၊ ညွှန်ကြားချက်ထုတ်ပြန်ခြင်းများမရှိဘဲနဲ့ ဥပဒေနဲ့အညီ လိုအပ်ချက်များအား ဆောင်ရွက်ပေးရန်သာ ပြဋ္ဌာန်းပြီးဥပဒေနဲ့အညီမဆောင်ရွက်ပါက ပြစ်မှုကျူးလွန်သူကို ဥပဒေနဲ့အရေးယူဆောင်ရွက်လျက် ရှိပါတယ်။ မည်သည့်ဝန်ထမ်းအား မည်သည့်အချိန်တွင် ဆောင်ရွက်ပေးရသည်၊ ငွေမည်မျှပေးရသည်ကို တိကျစွာတိုင်ကြားပါက အဖွဲ့ဖွဲ့စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက်လည်း လာဘ်ပေးလာဘ်ယူပြုလုပ်၍ အကျဉ်းသားအချင်းချင်းခွဲခြားဆက်ဆံမှုမပြုနိုင်ရန် ပြဋ္ဌာန်းထားသော ဥပဒေနှင့်ဆန့်ကျင်သောလုပ်ဆောင်မှုများ ပြုလုပ်ပါက

အလွယ်တကူတိုင်ကြားနိုင်ရန်အတွက် ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးနှင့် တာဝန်ခံအရာရှိတို့ထံ တိုင်ကြားနိုင်ကြောင်း ဖုန်းနံပါတ်များဖော်ပြထားတဲ့ဆိုင်းဘုတ်တွေကိုလည်း အကျဉ်းသားအကျဉ်းသူများနှင့် မိသားစုဝင်များမြင်သာတဲ့ အကျဉ်းထောင်အဝင်ဝတွေမှာလည်း စိုက်ထူချိတ်ဆွဲထားကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် အုပ်စုဖွဲ့အကျဉ်းသားအချင်းချင်း အနိုင်ကျင့်မှုမျိုးမရှိစေရန်ဆိုတဲ့ ဖော်ပြချက်နှင့်စပ်လျဉ်းပြီး အကျဉ်းထောင်၊ အကျဉ်းစခန်းတွေမှာ အကျဉ်းသားအချင်းချင်းအုပ်စုဖွဲ့ခြင်း၊ တစ်ဦးနှင့်တစ်ဦး အနိုင်ကျင့်ခြင်းများမရှိစေရန် ဥပဒေပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းထားရှိသည့်အပြင် ပြစ်မှုများတစ်စုံတစ်ရာကျူးလွန်ပါက တာဝန်ခံအရာရှိမှစစ်ဆေးလျက် ပြစ်ဒဏ်များစီရင်နိုင်ကြောင်း ယင်းအက်ဥပဒေပုဒ်မ ၄၆ မှ ပုဒ်မ ၅၀ အတွင်းမှာလည်း ပြဋ္ဌာန်းထားရှိပါတယ်။ အလုပ်လုပ်ရတဲ့အကျဉ်းသားများ ထိုက်ထိုက်တန်တန်လုပ်အားခရရှိစေရန်နှင့် နေပူဒဏ်ပြင်းတဲ့ နွေကာလတွေမှာနေ့လည် ၁၂ နာရီမှ ၂ နာရီအထိ အနားပေးရန်ဆိုတဲ့ ဖော်ပြချက်နှင့်စပ်လျဉ်းပြီး အကျဉ်းထောင်၊ အကျဉ်းစခန်းများမှာ အကျဉ်းသားများရဲ့လုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့်လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ရရှိတဲ့ငွေကြေးများအပေါ် သတ်မှတ်ထားတဲ့ အလုပ်ဆင်းရက်အပေါ်မူတည်ပြီး ပြည့်ပြည့်ဝဝထုတ်ပေးလျက်ရှိတဲ့အပြင် ၎င်းငွေကြေးနဲ့ပတ်သက်လျှင်လည်း လုပ်ထုံးလုပ်နည်းနဲ့အညီ ပြုစုစစ်ဆေးခံမှုများ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင်အကျဉ်းထောင်စခန်းတွေမှာ အကျဉ်းသားများကို နံနက် ၆ နာရီမှာ လုပ်ငန်းခွင်သို့ ဝင်ရောက်ပြီး ၁၁ နာရီမှာ နေ့လယ်ထမင်းစား၍ ၁၄:၀၀ နာရီအထိ အနားပေးလျက်ရှိပါတယ်။ ၁၄:၀၀ နာရီမှ အလုပ်စ၍ ညနေ ၁၆:၃၀ နာရီတွင် လုပ်ငန်းခွင်သိမ်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းရှင်မေးတဲ့ ကော်မတီဖွဲ့စည်းပေးနိုင်ခြင်းရှိ/မရှိ ဆိုလိုရင်းကို ဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ မေးခွန်းတွင်ပါရှိသည့်အချက်များအား တစ်ချက်ချင်း ကျွန်တော်ပြန်လည်ရှင်းလင်းခြင်းမပြုဘဲ အဓိကအနှစ်ချုပ်ကိုကျွန်တော်တင်ပြပါမယ်။ သို့ပါ၍ အကျဉ်းထောင်များနဲ့ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်တွင်လည်းလစ်ဟာမှုမရှိသည်ကို စစ်ဆေးတွေ့ရှိရပြီး လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အကျဉ်းထောင်လက်စွဲပါ ဘုတ်အဖွဲ့ဝင်များစာရင်းမှာပါဝင်တဲ့ မြန်မာနိုင်ငံအမျိုးသား

လူ့အခွင့်အရေးကော်မရှင် တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဒေသဆိုင်ရာအာဏာပိုင်များမှလည်း ဝင်ရောက်စစ်ဆေးခြင်းနှင့် ICRC မှ ဝင်ရောက်လေ့လာခြင်းများပြုလုပ်ပြီး ၎င်းတို့၏အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသောကြောင့် ကြီးကြပ်ကူညီစောင့်ရှောက်မည့် ကော်မတီဖွဲ့စည်းရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်း မေးမြန်းခွင့်ပြုပါဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီလို အကျဉ်းထောင်နဲ့ပတ်သက်တဲ့ဟာတွေက ကျွန်တော်တို့က ဒါဖြစ်လေ့ဖြစ်ထရှိတာတွေကို အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးဖို့ရန်အတွက် တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အခုအကျဉ်း ထောင်ထဲမှာဝင်ရောက်ခွင့်ရှိပြီးတော့ ဒါတွေကို ကူညီဆောင်ရွက်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်ခွင့်ရှိသင့်တယ်လို့ ပြောချင်ပါတယ်။ ဒီလို မေးချင်ပါတယ်။ အဲဒါတွေနဲ့ပေါင်းပြီးတော့ မဖွဲ့နိုင်ဘူးလားလို့ထပ်ပြီး မေးချင် ပါတယ်။ ဒါဟာဒေသဆိုင်ရာတွေမှာ အဲဒီလို ဆောင်ရွက်လိုက်မယ်ဆိုလို့ရှိရင် ဒေသဆိုင်ရာတွေမှာ ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်နေတဲ့အတွက် လုပ်ငန်းဟာပိုမိုပြီးတော့ ထိရောက်လိမ့်မယ် လို့ ဒီလို ယုံကြည်လို့မေးပါတယ်။ နောက်တစ်ခုက တစ်ဆက်တစ်စပ်တည်းအနေနဲ့ အကျဉ်းထောင် တွေထဲမှာ စာမတတ်တဲ့ အကျဉ်းသူအကျဉ်းသားတွေကို စာသင်ပေးဖို့အစီအစဉ်နဲ့ နောက်စက်မှုနဲ့ နည်းပညာတွေကို အတတ်သင်တွေကို အကျဉ်းသားတွေကို သင်ပေးဖို့ အစီအစဉ်ရှိ/မရှိလည်း သိလို ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ဆင့်မေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များပါဝင် အကျဉ်းထောင်ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းမှုနှင့် ပတ်သက်ပြီး ဖွဲ့စည်းနိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်ပြီး ကျွန်တော့်ရဲ့ မူလဖြေကြားချက်အတိုင်းပဲ ပြန်လည်ဖြေကြားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဖော်ပြခဲ့တဲ့အတိုင်းပဲ အကျဉ်းထောင်လက်စွဲမှာပါတဲ့ ဧည့်သည်အဖွဲ့နဲ့ပတ်သက်ပြီးတော့ ဖွဲ့စည်းမှု ဖွဲ့စည်းမှုမှာပါရှိရမယ့် ပုဂ္ဂိုလ်များလည်းပါရှိမှာ ဖြစ်ပါ

တယ်။ ဒါကြောင့်မို့ ဒီထဲမှာပါရှိတဲ့ တရားသူကြီးချုပ်များအပါအဝင် တရားသူကြီးချုပ်ရဲ့ ညွှန်ကြားချက်များအရလည်း သက်ဆိုင်ရာတရားရုံးအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးအဖွဲ့ အစည်းများနှင့် သက်ဆိုင်ရာလူမှုရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများမှာလည်း ကြည့်ရှုစစ်ဆေးလျက်ရှိတဲ့အတွက်ကြောင့်မို့လို့ လတ်တလောအခြေအနေမှာတော့ ဒီအဖွဲ့ကို ဖွဲ့စည်းပေးရန်အစီအစဉ်မရှိကြောင်း တင်ပြလိုပါတယ်။ အလားတူ ပညာရေးဆိုင်ရာအကျဉ်းသားများနှင့် ပတ်သက်ပြီး ပညာရေးဆိုင်ရာဆောင်ရွက်ချက်များအနေနဲ့ ဖော်ပြခဲ့တဲ့ လုပ်အားခများမှရရှိခဲ့တဲ့ ငွေကြေးများကို သုံးစွဲတဲ့အချိန်မှာ တင်ပြပါပညာရေးဆိုင်ရာ စာမတတ်သူတွေသင်ကြားပေးခြင်း၊ ဘာသာရေးဆိုင်ရာ တရားစခန်းများ ဖွင့်လှစ်ခြင်းအပါအဝင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတဲ့ လုပ်ငန်းတွေမှာ ငွေကြေးတွေကိုသုံးစွဲတာ ဖြစ်ပါတယ်။ ဒါကြောင့်လဲ အကျဉ်းထောင်တွေမှာ ဒီပညာရေးဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှုရှိစေရန်လည်း လက်ရှိမှာလည်း ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေပဲ ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေရှင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ မေးခွန်းများကို ဖြေကြားပေးတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးကျော်ဌေး၊ လေရှီးမဲဆန္ဒနယ်က တင်သွင်းသည့် ကျေးလက်ဒေသအခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန် လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရခွင့်ပြုငွေချပေးရန် ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်နေသည့်ဒေသများကို စိစစ်ပြီး ဘတ်ဂျက်ခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်ဌေး၊ လေရှီးမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ ၈-၈-၂၀၁၆ ရက်နေ့မှာ တင်သွင်းသွားတဲ့ ကျေးလက်ဒေသအခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေး

ရန်လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခွင့်ပြုငွေချပေးရန် ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်နေသည့် ဒေသများကို စိစစ်ပြီး ဘတ်ဂျက်ခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၈ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ် ၁၆ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ လေရှီးမဲဆန္ဒနယ်က ဦးကျော်ဌေးတင်သွင်းသွားတဲ့ ကျေးလက်ဒေသ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန်လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခွင့်ပြုငွေချပေးရန် ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်နေသည့်ဒေသများကို စိစစ်ပြီး ဘတ်ဂျက်ခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဖြည့်စွက်အကြံပြု ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်တင်ပြသွားတဲ့အတိုင်း တောင်တန်းဒေသတွေမှာ ရှိနေတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာရှိနေတဲ့ဝန်ထမ်းအိမ်ရာတွေ၊ ကျောင်းတွေရဲ့အခြေအနေတွေ အားလုံးမြင်တွေ့ရမှာ ဖြစ်ပါတယ်။ တကယ်တော့ သွားလာရခက်ခဲတဲ့ တောင်တန်းဒေသတွေသာ မကပါဘူး။ ရန်ကုန်နှင့်အနီးမှာရှိတဲ့ ကျွန်မမဲဆန္ဒနယ်ဖြစ်တဲ့ ကျောက်တန်းလိုမျိုး၊ ရန်ကုန်မြို့အလယ်မှာ ရှိနေတဲ့ ဝန်ထမ်းအိမ်ရာတွေရဲ့အခြေအနေကလည်း ဆိုးဆိုးရွားရွားမြင်တွေ့နေရတာ ဖြစ်ပါတယ်။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါရှင်။ ဒါတွေကတော့ ကျွန်မရဲ့မဲဆန္ဒနယ် ကျောက်တန်းမှာရှိတဲ့ ဆရာဆရာမတွေရဲ့ ဝန်ထမ်းအိမ်ရာ၊ ကျန်းမာရေးဝန်ထမ်းတွေအိမ်ရာ ရန်ကုန်မြို့လယ်ခေါင်မှာရှိနေတဲ့ ဒီကျန်းမာရေးဝန်ထမ်းအိမ်ရာတွေကို တွေ့ရမှာဖြစ်ပါတယ်ရှင်။ ဝန်ထမ်းအိမ်ရာတွေ ဒီလို အခြေအနေတွေဖြစ်နေရတာက နိုင်ငံတော်မှာ ဘတ်ဂျက်လိုအပ်ချက်တစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ အကျင့်ပျက်ခြစားမှုတွေကြောင့် သုံးစွဲခွင့်ရတဲ့ ဘဏ္ဍာငွေတွေဟာ အောက်ခြေထိရောက်မလာခြင်းဟာလည်း အကြောင်းအရင်းတစ်ခုဖြစ်ပါတယ်။ ဌာနတစ်ခုနှင့်တစ်ခု ရာထူးတူနေပါလျက်နဲ့ ခံစားပိုင်ခွင့်တွေကွာခြားနေတာတွေ၊ ဌာနချင်းတူသော်လည်းပဲ အရာထမ်း၊ အမှုထမ်းနဲ့ အောက်ခြေဝန်ထမ်း

**မူကြမ်း**

တွေရဲ့အခြေအနေ ကွာဟလွန်းနေတာတွေကလည်း မညီမျှမှုအခြေအနေကြောင့်မို့လို့ ဝန်ထမ်းအိမ်ရာတွေလုံးဝမရရှိတဲ့ ဆရာဆရာမများအပါအဝင် အောက်ခြေဝန်ထမ်းအများစုက ချို့တဲ့စွာနေနေရတာဖြစ်ပါတယ်။

ကျွန်မအနေနဲ့ အကြံပြုဆွေးနွေးလိုတာက ဒေသခံတွေကို ဦးစားပေးပြီးတော့ ဝန်ထမ်းခန့်ထားလိုက်မယ်ဆိုလို့ရှိရင်လည်း ဝန်ထမ်းအိမ်ရာလိုအပ်ချက်တွေက လျှော့ချပေးနိုင်မှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောက်လုပ်ပေးရန်လိုအပ်နေတဲ့ ဝန်ထမ်းအိမ်ရာစာရင်းနဲ့ လက်ရှိဝန်ထမ်းအိမ်ရာများရဲ့ အခြေအနေကိုလည်း စစ်တမ်းကောက်ယူထားသင့်ပါတယ်။ အဆိုရှင်တင်ပြသွားတဲ့အတိုင်း ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်နေတဲ့ ဒေသများအပြင် အလိုအပ်ဆုံးအခြေအနေ ဆိုးရွားစွာပျက်စီးနေတဲ့ ပြုရပ်မကောင်းတဲ့အိမ်ရာရဲ့အခြေအနေများကို ဘဏ္ဍာငွေရရှိတဲ့အပေါ်မူတည်ပြီးတော့ ဦးစားပေးအဖြစ်နဲ့ ရေရှည်စီမံကိန်းချထားပြီးတော့မှ အနိမ့်ဆုံးရှိသင့်တဲ့စံချိန်စံညွှန်းသတ်မှတ်ပြီးတော့ တည်ဆောက်ထားပေးသင့်ပါတယ်ရှင်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျောင်းဆောင်တွေ၊ ဝန်ထမ်းအိမ်ရာတွေ၊ နိုင်ငံတကာအဆင့်မီတဲ့တိုက်တာကြီးတွေကို တောင်းဆိုနေတာမဟုတ်ပါဘူး။ လူသားတွေရဲ့အခြေခံအကျဆုံးသော လိုအပ်ချက်ဖြစ်တဲ့ အမိုးအကာပါတဲ့အဆောက်အဦကို အနိမ့်ဆုံးရှိသင့်တဲ့စံချိန်စံညွှန်းသတ်မှတ်ပြီးတော့ လုံခြုံမှုရှိအောင် စီစဉ်ထားပေးဖို့အတွက် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လေရှီးမဲဆန္ဒနယ်က ဦးကျော်ဒွေး တင်သွင်းထားတဲ့အဆိုကို ကျွန်မအနေနဲ့ ဖြည့်စွက်ထောက်ခံအကြံပြုဆွေးနွေးရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၈-၈-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့မှာ ဦးကျော်ဒွေး၊ လေရှီးမဲဆန္ဒနယ်က တင်သွင်းခဲ့တဲ့ ကျေးလက်ဒေသအခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေး

ဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန် လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခွင့်ပြုငွေချပေးရန် ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်နေတဲ့ဒေသများကို စိစစ်ပြီး ဘတ်ဂျက်ခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဌာန၊ အခြေခံပညာကျောင်းများဟာ ကျွန်တော်တို့နိုင်ငံအတွက် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်တဲ့ လူသားအရင်းအမြစ်တွေကို စတင်မွေးထုတ်ပေးနေတဲ့ဌာနကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာမှာ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးစာရင်းမှာပါဝင်နေရပါတယ်။ အဲဒီလိုပါဝင်နေရခြင်းရဲ့အဓိကအကြောင်းအရင်းကလည်း ပညာရေးအဆင့်အတန်းနိမ့်ကျခြင်းကလည်း တစ်ချက်အပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအား ပညာရေးဆိုင်ရာမူဝါဒတွေ၊ သင်ကြားမှုသင်ယူမှုပုံစံသစ်တွေ ချမှတ်ရေးဆွဲပြီးတော့ ပညာရေးအဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်နေတာကိုတွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် မူဝါဒတွေ၊ သင်ကြားမှုသင်ယူမှုပုံစံတွေပြောင်းလဲရုံနဲ့တင် မလုံလောက်ပါဘူး။ အဲဒီမူဝါဒတွေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတဲ့ ဆရာဆရာမတွေရဲ့အခန်းကဏ္ဍကလည်း အရမ်းအရေးကြီးပါတယ်။ သင်ကြားရေးကိုတာဝန်ယူထားရတဲ့ ဆရာဆရာမတွေဟာ ကျောင်းသားကျောင်းသူတွေရဲ့ စံပြပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူတို့ကို ရပ်/ရွာထဲမှာ ဂုဏ်သိက္ခာရှိရှိ ဘဝရပ်တည်နိုင်အောင် နိုင်ငံတော်အနေနဲ့ စီစဉ်ဆောင်ရွက်ပေးသင့်ပါတယ်။ ဒါမှလည်းပဲ ကျောင်းသူကျောင်းသားများရဲ့ လေးစားအားကျမှုကို ခံယူရရှိပြီး ကျောင်းသူကျောင်းသားလေးများရဲ့စိတ်မှာလည်းပဲ ပညာသင်ယူချင်တဲ့စိတ်၊ ပညာတတ်ကြီးဖြစ်ချင်တဲ့စိတ်တွေ ပိုဖြစ်လာမှာဖြစ်ပါတယ်။ ဆရာဆရာမတွေအနေနဲ့လည်း စားဝတ်နေရေး၊ လူနေမှုအခက်အခဲတွေရှိနေမယ်ဆိုရင် သင်ကြားရေးကို အာရုံစူးစိုက်ပြီးတော့ ကောင်းမွန်စွာပညာသင်ကြားပေးနိုင်မှာ မဟုတ်ပါဘူး။ အဆိုရှင်တင်ပြခဲ့သလို ဟိုအိမ်ကပ်နေ၊ ဒီအိမ်ကပ်နေ ကျောင်းဆောင်အဖီဆွဲချပြီးနေ၊ အဲဒီလို ညှိုးငယ်နိမ့်ကျစွာနေရတဲ့ဘဝမျိုးနဲ့ဆိုရင် ကျောင်းသူကျောင်းသားများရဲ့ အထင်ကြီးလေးစားမှုလည်းဖြစ်လာမှာမဟုတ်ပါဘူး။ ကျေးလက်ဒေသပြည်သူတွေရဲ့စိတ်မှာလည်းပဲ ပညာတတ်လည်း ဘာမှမထူးဘူး။ ဆင်းဆင်းရဲရဲနေရတာပဲ။ ပညာမသင်နေပါနဲ့ကွာ၊ ပိုက်ဆံရတဲ့လယ်အလုပ်၊ ပုစွန်ဖမ်း၊ ငါးဖမ်းအလုပ်ပဲ လုပ်တာပဲပိုကောင်းသေးတယ်လို့ ကျွန်တော်တို့ ရည်မှန်းထားတဲ့ပညာရေးပြုပြင်ပြောင်းလဲမှုကို အထင်လွဲသွားလို့ရှိရင် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ပညာရေးရည်မှန်းချက်တွေအားလုံး သဲထဲရေသွန်သလိုဖြစ်ကုန်မှာ ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ကျေးလက်ဒေသတွေမှာ လာရောက်သင်ကြားပေးနေတဲ့ ဆရာဆရာမတွေရဲ့ဘဝဟာ ခက်ခဲပင်ပန်းပါတယ်။ သွားရေးလာရေး၊ နေရေးထိုင်ရေး၊ ဘဝရပ်တည်ရေး မလုံလောက်ပါဘူး၊ စသည့်အထွေထွေအခက်အခဲတွေ ရှိကြပါတယ်။ ၂၄-၈-၂၀၁၆ နေ့ထုတ် The Voice သတင်းစာမှာတော့ ကျွန်တော်တို့ လစာတိုးပေးမယ်လို့ ကြားလိုက်ပါတယ်။ အဲဒီတော့ ဆရာမတွေရော ဝမ်းသာနေကြမှာပါ။ ကျွန်တော် ခုနကပြောတဲ့အခက် အခဲတွေထဲမှာ အားလုံးကို မဖြေရှင်းပေးနိုင်ရင်တောင်မှဘဲ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပြီးတော့ သူတို့ကို စီမံဖြေရှင်းပေးသင့်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်မှာဆိုရင် ကျွန်တော် တို့က တနင်္သာရီတိုင်းဒေသကြီးမှာ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးမြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်ဟာ ပင်လယ်ကျွန်းတွေနဲ့ တောင်တန်းတွေကြားမှာ ဖွဲ့စည်းတည်ရှိတဲ့မြို့ဖြစ်ပါတယ်။ သွားရေးလာရေး အလွန်ခက်ခဲပြီးတော့ လူမျိုးတွေ စုဖွဲ့နေထိုင်ပုံကလည်းပဲ ယဉ်ကျေးမှု၊ ဘာသာရေးမတူညီမှုများတဲ့သူတွေ ဖွဲ့နေကြပါတယ်။ ကျွန်တော်တို့ ဘုတ်ပြင်းမြို့နယ်မှာဆို အများအားဖြင့် ပသျှူး(မလေးရှားလူမျိုး) ပေါ့နော်။ ပြီးတော့ ထိုင်း(ရှမ်းလူမျိုး)၊ ဆလုံ(မော်ကင်းလူမျိုး)တွေနဲ့ တခြား ကျွန်တော်တို့ မြန်မာ တိုင်းရင်းသားတွေ ကရင်၊ မွန် စသည်ဖြင့် အတူနေထိုင်ကြပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ စာသင်ကျောင်းအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းလောက်ကလည်းပဲ ဝန်ထမ်းအိမ်ရာမရှိကြပါဘူး။ ဆရာဆရာမတွေက ရပ်/ရွာကစီစဉ်ပေးတဲ့နေရာတွေ၊ အိမ်တွေမှာပဲ နေကြရတယ်။ ရပ်/ရွာကမစီစဉ်ပေးရင်တော့ စာသင်ဆောင်မှာပဲ ဖြစ်သလိုနေရတယ်။ လက်ရှိပညာရေးဌာနမှာ ထမ်းဆောင်နေကြတာလည်း ဆရာထက် ဆရာမတွေက များပါတယ်။ ဆရာမလေးတွေများတယ်။ ပြီးတော့ ငယ်ရွယ်တဲ့သူတွေများတယ်။ ကျွန်တော်တို့ဆီမှာ ပသျှူးရွာ၊ ရှမ်းရွာ၊ ဆလုံရွာ၊ ကရင်ရွာ၊ မွန်ရွာ အဲဒီလို သူ့လူမျိုးစုလိုက်နေတဲ့ရွာတွေရှိပါတယ်။ အဲဒီလို သဘာဝမတူ၊ ဓလေ့စရိုက်မတူ၊ ဘာသာမတူတဲ့အိမ်မှာ ဒီလို ဆရာမငယ်တွေအနေနဲ့ အကြာကြီးအတူ ယှဉ်တွဲပြီးနေထိုင်ဖို့ဆိုတာလည်းပဲ မသင့်တော်ပါဘူး။ အဖိဆွဲချပြီးနေဖို့ဆိုတာလည်းပဲ ကျောင်းဆောင်တွေမှာလည်း နီးစပ်ရာ ဖြစ်သလိုပုံစံနဲ့နေမယ်ဆိုတာလည်း ဆရာမလေးတွေအတွက် မတင့်တယ်ပါဘူး။ အဲဒါကြောင့် လုံခြုံမှု၊ စိတ်ချမှုလည်းမရှိပါဘူး။ အိမ်ငှားနေပြန်တော့လည်းပဲ သူတို့အနေနဲ့ အိမ်လခတွေကလည်း မတတ်နိုင်ပါဘူး။ အဲဒီအခက်အခဲတွေကြောင့် တာဝန်ကျရာနေရာကနေ ပြန်ပြေးကျတဲ့ဆရာဆရာမတွေက များပါတယ်။ ဒီနေ့ဆို ကျွန်တော်တို့မြို့နယ်မှာ အခြေခံပညာကျောင်းပေါင်း ၉၅ ကျောင်းရှိပါတယ်။ ၉၅ ကျောင်းအနက်မှာ ၉၂ ကျောင်းပဲ ဖွင့်နိုင်ပါတယ်။ ဆရာဆရာမတွေအားလုံးက မပြည့်စုံတာအဓိကပါ။ ၉ တန်း၊ ၁၀ တန်းလောက်တတ်တဲ့

ရွာကကလေးတွေကိုပဲ ကျွန်တော်တို့ပြန်ပြီးတော့ ခန့်ထားရပါတယ်။ သွားတဲ့အခါမှာ ကျွန်တော်တို့ကို သူတို့နေဖို့အတွက် ဝန်ထမ်းအိမ်ရာတွေဆောက်ပေးဖို့ သူတို့တောင်းဆိုတာလေးရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဘတ်ဂျက်ကရတဲ့ သိန်း ၁၀၀၀ ကလည်းပဲ သူတို့ကို တည်ဆောက်ပေးခွင့်မရှိပါဘူး။ အဲဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ တစ်နိုင်ငံလုံးမှာ ပညာရေးကဏ္ဍတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အခြေခံပညာရေးဝန်ထမ်း ဆရာဆရာမရဲ့ လူနေမှုဘဝပုံစံတိုးတက်မြင့်မားလာရေးအတွက် ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ကနေ ကျခံသုံးစွဲသင့်ပါတယ်။ ဒါကြောင့် ဦးကျော်ငွေး၊ လေရှီးမဲဆန္ဒနယ်ကတင်ပြတဲ့အဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောဗစ်တာခလိုက်(သံတောင်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် အပေါင်းတို့ခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေးတင်သွင်းခဲ့တဲ့ အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်း ၅၀ ကျော် ဆင်းရဲ တွင်းနက်ထဲမှာ ရုန်းထွက်နိုင်စေရန်အတွက် အဓိကအကျဆုံးသောအချက်ကတော့ လူ့အရင်းအမြစ် စွမ်းရည်မြှင့်တင်ဖို့ဖြစ်ပါတယ်။ ဒီလူ့အရင်းအမြစ်မွေးထုတ်တဲ့နေရာမှာ အဓိကအခန်းကဏ္ဍမှာ ပညာရေးဌာနဝန်ထမ်းတွေ ပါဝင်ပြီးတော့လုပ်ဆောင်ရမယ့်အပိုင်းဖြစ်ပါတယ်။ ဒီနေရာမှာ ပညာရေး ဝန်ထမ်းတွေ မိမိတို့တာဝန်ထမ်းဆောင်တဲ့ဒေသမှာ ကိုယ်ကျိုးစွန့် အနစ်နာခံပြီးတော့ တာဝန် ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် လိုအပ်တဲ့ဖြည့်ဆည်းမှုတွေကို သက်ဆိုင်ရာ ပြည်ထောင်စု အစိုးရကနေ တာဝန်ယူဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေရှီးမဲဆန္ဒနယ်က ဦးကျော်ငွေးတင်ပြသကဲ့သို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာဆိုရင် ဆက်သွယ်ရေးအလွန်ခက်ခဲတယ်။ နောက် ဖွံ့ဖြိုးမှုကလည်း တကယ်နိမ့်ကျတဲ့ဒေသဖြစ်ပါတယ်။ မှန်ပါတယ်။ ထိုနည်းတူပဲ အချို့သောတိုင်းဒေသကြီး/ပြည်နယ်၊ တောင်ပေါ်ဒေသများ

လည်း အလွန်ပဲနိမ့်ကျလျက်ရှိနေတာကို တွေ့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲတဲ့ ဒေသတွေလည်း အများအပြားရှိနေတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာ-ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ဟာ တောင်ပေါ်ဒေသဖြစ်ပါတယ်။ တောင်ပေါ်ဒေသဖြစ်တဲ့ အလျောက် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းပေါင်း ၂၅၀ ကျော်ရှိပါတယ်။ အဲဒီ ကျောင်း ၂၅၀ အနက်မှာဆိုရင် ကျောင်းပေါင်း ၅၀ လောက်သာ လမ်းပန်းဆက်သွယ်ရေးလွယ်ကူတာ တွေ့ရပါတယ်။ ကျန်တဲ့ ကျောင်းပေါင်း ၂၀၀ ကျော်နီးပါးက လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲတဲ့ တောင်ပေါ်ဒေသမှာ တည်ရှိတဲ့ကျောင်းတွေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းကျောင်းတွေဟာ တောင်ပေါ်ဒေသမှာတည်ရှိတဲ့အတွက်ကြောင့် (၁) လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက်ကြောင့် ခြေကျင်နဲ့သွားလာနေရပါတယ်။ (၂) အစား အသောက်ရှားပါးတဲ့အတွက်ကြောင့် ကုန်ဈေးနှုန်းကလည်း အလွန်ကြီးမားပါတယ်။ (၃) လူနေမှု အဆင့်အတန်းနိမ့်ကျတဲ့ဒေသဖြစ်တဲ့အလျောက် အဘက်ဘက်မှ ပံ့ပိုးကူညီမှုများ လိုအပ်လျက်ရှိနေ ပါတယ်။ (၄) ၎င်းကျေးရွာတွေမှာ တာဝန်ထမ်းဆောင်ရမယ့် ဝန်ထမ်းတွေအတွက် နေအိမ်အခက်အခဲ များကို ကြုံတွေ့နေရပါတယ်။ ၎င်းပြဿနာတွေဟာ ကျေးရွာမှာ တာဝန်ထမ်းဆောင်နေရတဲ့ ပညာရေး ဝန်ထမ်းများအတွက် အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ ၎င်းပြဿနာတွေကို ဖြေရှင်း ပေးနိုင်မှသာလျှင် ကျောင်းဆရာဆရာမ ဝန်ထမ်းများဟာ မိမိတို့ရဲ့ကျရာဒေသမှာ ပျော်ရွှင်စွာ နေထိုင်ပြီး တာဝန်ကျေပွန်စွာ ပညာရည်နို့စို့နေတဲ့ ကျောင်းသူကျောင်းသားများကို ထိရောက်စွာ ပညာသင်ကြားပေးနိုင်မှာ ဖြစ်ပါတယ်။ ပညာတတ်လူ့အရင်းအမြစ်များကိုလည်း မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကျေးလက်ဒေသမှာ ရှိတဲ့ ဝန်ထမ်းအိမ်ရာတည်ဆောက်ရာမှာ ဘတ်ဂျက်ငွေအခက်အခဲရှိပါက အလိုအပ်ဆုံး၊ ဖွံ့ဖြိုးမှု အနည်းဆုံး၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲဆုံးကျောင်းများမှာ ဝန်ထမ်းအိမ်ရာများ တည်ဆောက် ပေးနိုင်ရန်အတွက် လေရှိုးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငြေးရဲ့ ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေး အကြံပြု တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်က တော့ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း ဖြစ်ပါတယ်။ လေရှီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့ ဖွံ့ဖြိုးမှု နောက်ကျနေတဲ့ ဒေသများကို စိစစ်ပြီး ပညာရေး ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် ဘတ်ဂျက်ခွင့်ပြုပေးဖို့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်ဝင်တန်းကို ဖြေဆိုအောင်မြင်ပြီး တက္ကသိုလ်ဝင်ခွင့်ကို လျှောက်ထားကြပြီဆိုကတည်းက ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်တို့ကို လျှောက်ထားကြတဲ့ သူများဟာ စွန့်စားခန်းတစ်ခုကို ပြုသလိုပါပဲ။ ကျောင်းဆရာအဖြစ် ခန့်ထားကြပြီဆိုလျှင် မြို့ပေါ်တွေမှာ စတင်ပြီးခန့်ထားရခြင်း မခန့်ရ သေးဘဲနဲ့ ကျေးလက်ဒေသနှင့် နယ်စွန်နယ်ဖျား ဒေသတွေမှာသာစတင်ပြီး ခန့်ထားခြင်းခံရတာ ဖြစ်ပါတယ်။ ပညာရေးတက္ကသိုလ်၊ ပညာရေး ကောလိပ်တွေကို လျှောက်ထားကြတဲ့သူတွေမှာလည်း အမျိုးသားဦးရေက အလွန်တရာ နည်းပါးလှပါတယ်။ အမျိုးသမီးဦးရေကသာ ပိုမိုများပြားပါတယ်။ အမျိုးသားအများစုကတော့ လာဘ်လာဘနည်းပါးတဲ့ အာဏာပါဝါမရှိတဲ့ ကျောင်းဆရာဘဝကို မမက်မောကြပါဘူး။ ကျောင်းဆရာ လုပ်မှာလား တခြားအလုပ်လုပ်မှာလားဆိုတာကို အခြားအလုပ်ပဲ လုပ်ချင်ကြပါတယ်။ ဒါကြောင့် ဒီကနေ့ပညာရေးလောကမှာ အမျိုးသားကျောင်းဆရာနှင့် အမျိုးသမီး ကျောင်းဆရာရာခိုင်နှုန်းဟာ ကျောင်းဆရာရာခိုင်နှုန်း ၂၀ ရာခိုင်နှုန်းခန့်သာရှိပြီးတော့ ကျောင်းဆရာမ ရာခိုင်နှုန်းဟာ ၈၀ ရာခိုင်နှုန်း ရှိနေပါတယ်။ ဆရာမလေးတွေဟာ စတင်ပြီးခန့်ထားခြင်းခံရတဲ့ နေရာ တွေကို သွားရောက်ရတဲ့အခါမှာ ကားတစ်တန်၊ ရထားတစ်တန်၊ လှည်းနှင့်တစ်ဖုံ၊ လှေနှင့်တစ်မျိုး၊ ဆိုင်ကယ်နှင့်တစ်နည်း၊ ခြေကျင်ကတစ်မျိုး သွားကြလာကြရပါတယ်။ ချောင်းကိုဖြတ်၊ တောင်ကိုပတ်၊ ရိုးမကိုကျော်သွားရပါတယ်။ ဒီ့အပြင် ဖုန်းလေးတောင်မှ အဆက်အသွယ်မရနိုင်တဲ့ ဆက်သွယ်ရေး ပြင်ပရောက်နေကြတဲ့နေရာတွေကိုပါ သွားရတာရှိပါတယ်။ ကိုယ့်မိကိုယ့်ဖနဲ့ အလွန်တရာကို ဆက်သွယ်ရတာတောင် ခဲယဉ်းလွန်းလှပါတယ်။ မူလတန်းပြ၊ အလယ်တန်းပြ စတင်ခန့်ထားကာစ ဆရာဆရာမလေးတွေရဲ့ သက်တမ်းဟာ အများအားဖြင့် အသက် ၂၀ ကျော် ၂၃ နှစ်အတွင်းတွေ ဖြစ်ပါ တယ်။ သားပျို၊ သမီးပျိုလေးများ ဆရာဆရာမလေးတွေဖြစ်နေတဲ့အတွက် အထူးသဖြင့် စွန့်စားရတဲ့ ဘဝကို အဝေးကြီးသွားကြည့်နေစရာ မလိုပါဘူး။ ကျွန်တော်တို့ နေပြည်တော်ကြီးရဲ့ အရှေ့ဘက်၊

အနောက်ဘက် မိုင် ၂၀ အကွာမှာရှိတဲ့ ပဲခူးရိုးမနှင့် အရှေ့ရိုးမတွေပေါ် သွားကြည့်လိုက်ရင်လည်း ဆရာဆရာမလေးတွေရဲ့ဘဝကို လက်တွေ့မြင်တွေ့ရပါလိမ့်မယ်။ အမျိုးသားကျောင်းဆရာတွေဆိုရင် အများအားဖြင့် ဘုန်းကြီးကျောင်းမှာပဲ သမိုင်းပါမောက္ခဆရာကြီး ကွယ်လွန်သူ ဒေါက်တာသန်းထွန်း ပြောသလို ဘုန်းကြီးစွန့်တာစား၊ ဘုန်းကြီးစွန့်တဲ့အခန်းမှာနေပြီး စွန့်စားခန်းဝင်နေကြရပါတယ်။ ကျောင်တက်တော့ ဆရာ၊ ကျောင်းဆင်းတော့ ဘုန်းကြီးကျောင်း ကျောင်းနှစ်ကျောင်းမှာ တစ်နေ့တည်းနှင့် ဘဝနှစ်ဘဝနေနေကြရပါတယ်။ ဆရာမလေးတွေကတော့ ရွာကစီစဉ်ပေးတဲ့နေရာ၊ နေစရာထိုင်စရာအိမ်မရှိရင် ကျောင်းဝင်းထဲမှာပဲ အိမ်ဆောက်နေကြရပါတယ်။ အိမ်ဆိုသော်လည်း မီးဘေးဖြစ်လို့ရှိရင် ဖျက်ရ၊ ငြိမ်းရလွယ်အောင်၊ သစ်၊ ဝါးကလည်း ရှားတဲ့ဒေသဖြစ်တယ်ဆိုရင် နတ်စင်သာသာ၊ ရေအိုးစင်သာသာ၊ အိမ်ကလေးတွေဆောက်ပြီးနေရတာကို ကျွန်တော်ကိုယ်တိုင် ပညာရေးဝန်ထမ်းဘဝကလာခဲ့ရတာ ဖြစ်လို့တွေ့ခဲ့ရ၊ ကြုံခဲ့ရဖူးပါတယ်။ ရွာကလူကြီးမိဘတွေက အိမ်တွေ၊ ယာတွေ စီစဉ်ပေးတယ်ဆိုတာလည်း ရှိတော့ရှိပါတယ်။ ရှားပါတယ်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဇူလိုင်လ ၂၉ ရက်နေ့ ဝအထူးဒေသလူငယ်များနှင့် တွေ့ဆုံပွဲမှာ ကျွန်မတို့ ပညာရေးနဲ့ပတ်သက်လို့ရှိရင် နယ်စပ်ဒေသတွေက ပြည်မဒေသတွေထက် ပိုပြီးအခြေအနေဆိုးတယ်ဆိုတာ ကျွန်မဝန်ခံပါတယ်။ ဆရာဆရာမတွေဟာ တကယ်တော့ ကျောင်းအဆောက်အအုံထက် ပိုပြီးအရေးကြီးပါတယ်။ ကျောင်းအဆောက်အအုံတွေရှိသော်လည်း ဆရာဆရာမမရှိရင် အလကားပါပဲလို့ ပြောခဲ့ဖူးပါတယ်။ ဒါကြောင့် ဆရာဆရာမတွေ နေသာထိုင်သာရှိဖို့ ဆရာဆရာမတွေအတွက် နေစရာထိုင်စရာလေးတွေ စီစဉ်ပေးဖို့လိုမယ်လို့ ယူဆပါတယ်။ ရန်ကုန်မြို့ မင်းဓမ္မလမ်းနှင့် ပါရမီလမ်းထောင့်မှာ တက္ကသိုလ်ဆရာဆရာမများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးမယ်ဆိုတာသိရလို့ တက္ကသိုလ်ကဆရာဆရာမတွေ ဝမ်းသာနေကြတယ်ဆိုတာ ကြားသိရပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျတဲ့ နယ်စပ်ဒေသကဆရာဆရာမလေးတွေက ဒီလောက်ကြီးကြီးမားမား ခန့်ခန့်ညားညား ကားပါကင်တွေ၊ ဘာတွေပါတဲ့ အဆောက်အအုံကြီးတွေ နေစရာထိုင်စရာအဖြစ်နဲ့ ဆောက်လုပ်ပေးစရာ မလိုလောက်ဘူးလို့ ယူဆပါတယ်။ သင့်လျော်တဲ့ ဘတ်ဂျက်နဲ့ သင့်လျော်တဲ့နေရာမှာ လုံလုံခြုံခြုံအိမ်ရာလေးများ ဆောက်လုပ်ပေးမယ်ဆိုပါက ဆရာဆရာမလေးတွေ ဝမ်းသာနေကြမှာ ဖြစ်ပါတယ်။ ပညာရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခကြီး ဦးသန်းထွဋ်က ရေးခဲ့ဖူးပါတယ်။ ကြံသည်ကြိတ်စက်အဝသို့ရောက်သော်လည်း ချိုသောအရသာကို မစွန့်၊ ကျောင်းဆရာအပေါင်း သူတော်ကောင်းတို့သည် ဆင်းရဲခြင်းသို့ရောက်သော်လည်း စေတနာ၊ ဝါသနာ၊

အနစ်နာကိုမစွန့်လို့ ရေးခဲ့ဖူးပါတယ်။ ဒါကြောင့် နာသုံးနာနဲ့ ဆရာဆရာမများပီတိစားပြီး ခါးမချိအောင် ပီတိစားပြီးအားရှိရအောင် ပြုလုပ်ပေးနိုင်ပါစေလို့ ဆုတောင်းရင်း ဦးကျော်ဌေးရဲ့အဆိုကို အလေးအနက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ရှေးဦးစွာ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြု လိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေရှီးမဲဆန္ဒနယ် ဦးကျော်ဌေး၏အဆိုအား ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဟာ တိုင်းပြည်တစ်ပြည်၏ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံ အကျဆုံးနဲ့ အရေးအကြီးဆုံး လိုအပ်ချက်ပဲဖြစ်ပါတယ်။ ဒီလိုလူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိတဲ့ အခြေခံပညာ ကျောင်းများတွင် ကျောင်းသူကျောင်းသားများ စိတ်အေးချမ်းသာလုံခြုံပျော်ရွှင်စွာ ပညာသင်ယူနိုင်ဖို့ နိုင်ငံတော်အနေနဲ့သော်လည်းကောင်း၊ ဒေသခံ ပြည်သူလူထုမှ ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့်သော်လည်းကောင်း၊ နိုင်ငံခြား NGO, INGO အကူအညီဖြင့်သော်လည်းကောင်း၊ ပြည်တွင်းပြည်ပ အလှူရှင်များမှ သော်လည်းကောင်း နိုင်ငံတစ်ဝန်း မှာ စာသင်ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းပေးခြင်း၊ ထောက်ပံ့ပေးခြင်းကြောင့် ပြည့်စုံ လုံလောက်မှုမရှိသေးသော်လည်း အထိုက်အလျောက်ပြေလည်မှုရှိလာကြတာ တွေ့မြင်ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းဆောင်များ၊ ပရိဘောဂများ၊ စာရေးခုံများ အထိုက်အလျောက်ပြေလည်မှုရှိလာပြီဖြစ်သော်လည်း ပညာကိုလက်ဆင့်ကမ်းသင်ကြားပေးနေသော ဆရာဆရာမများနှင့် ပညာရေးဝန်ထမ်းများမှာတော့ နေထိုင်စရာအိမ်အခက်အခဲဖြစ်နေကြတာ တွေ့ရှိကြားသိနေရပါတယ်။ အဲဒီထဲမှာမှ လေရှီးမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်တင်ပြခဲ့သော လေရှီးမြို့နယ်ရှိ အချို့သောကျေးရွာများ၏ စာသင်ကျောင်းဆောင်၊ ဝန်ထမ်းနေအိမ်များရဲ့ မှတ်တမ်းဓာတ်ပုံကိုတွေ့ရတော့ အင်မတန်မှ စိတ်မချမ်းမြေ့စရာဖြစ်ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ကြီးပြကြီးမှာ

တာဝန်ကျသော ဆရာဆရာမအချို့ဟာ အိမ်ငှားနေထိုင်ကြရပြီး ငှားရမ်းခကြီးမြင့်တဲ့ အခက်အခဲ ကြုံတွေ့နေကြရသလို နယ်မြို့ငယ်အချို့မှာလည်း မိမိအစီအစဉ်ဖြင့်သာ ငှားရမ်းနေထိုင်ကြရပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မှာလည်း ကျေးရွာအတော်များများမှာတော့ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဒေသခံပြည်သူလူထုက မိမိတို့၏သားသမီးပညာရေးအတွက် တစ်ဖက်တစ်လမ်း ကြိုးပမ်းမှုအနေဖြင့် ဆရာဆရာမနေအိမ်များကို အခက်အခဲပေါင်းစုံကြားက ရုန်းကန်ဆောက်လုပ်ပေးခဲ့ကြရပါတယ်။ ဒီလိုဆောက်လုပ်ပေးရာမှာလည်း ဒေသမှာရှိတဲ့ဝါးများဖြင့်သာ အဓိကထား ဆောင်ရွက်ပေးနိုင်သောကြောင့် ယိုယွင်းပျက်စီးမှုမကြာခဏဖြစ်ပြီး ခိုင်ခံ့မှုမရှိတဲ့အပြင် လုံခြုံမှုကလည်း နည်းပါးလှပါတယ်။ တိုးတက်များပြားလာသော ကျောင်းသားကျောင်းသူများနှင့်အတူ ဆရာဆရာမများလည်းများလာသဖြင့် နေအိမ်မလောက်ငှမှုကြောင့် နေထိုင်ရေးကိစ္စ အတော်ကလေး အခက်အခဲကြုံတွေ့နေရပါတယ်။ စီးပွားရေးကလည်းမပြေလည် လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲသော ဝေးလံတဲ့ တောင်ပေါ်ကျေးရွာများမှာ ဆရာဆရာမနေစရာအိမ် သီးခြားမဆောက်လုပ်ပေးနိုင်သောကြောင့် ရွာထဲရှိအလျဉ်းသင့်သောအိမ်များမှာ နေထိုင်ကြရသဖြင့် အဆင်မပြေမှုများ မကြာခဏတွေ့မြင်ကြားသိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ခြင်းနဲ့ တိုက်ရိုက်အချိုးကျသော ပညာရေးကဏ္ဍမြင့်မားဖို့အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ပညာရေးအသုံးစရိတ်ကို ယခုထက်ပိုမိုလျာထားသတ်မှတ်ပြီး အဲဒီထဲမှာမှ ဝေးလံခက်ခဲသောဒေသများတွင် အမှန်တကယ်အရေးတကြီးလိုအပ်လျက်ရှိသည့် ကျေးရွာဆရာဆရာမများနေအိမ်အား အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတိုက်တွန်းပြောကြားရင်း လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေး၏အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်းဖြစ်ပါတယ်။ ဆရာမတွေဝန်ထမ်းအိမ်ရာဆောက်လုပ် ပေးရန်အဆိုနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရရဲ့ ဘတ်ဂျက်အတိုင်းအတာက

ဖြစ်နိုင်ချေ ရှိ/မရှိ ဆိုတာနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီဆရာဆရာမတစ်ယောက်အိမ် ဆောက်ဖို့အတွက် ကျွန်တော်တို့ အခြေခံဖြစ်တဲ့ Steel Structure နဲ့ အုတ်ညှပ်အဆောက်အဦ ဆောက်မယ်ဆိုလို့ရှိရင် သိန်းသုံးဆယ်လောက်ကုန်မယ်လို့ ခန့်မှန်းတွက်ချက်ရပါတယ်။ အဲဒီတော့ သုံးသန်းပေါ့။ သုံးသန်းကုန်မယ်။ မြန်မာနိုင်ငံမှာ ဆရာဆရာမက လေးသိန်းလောက်ရှိတဲ့အတွက် တစ်နှစ်တည်းအပြီးဆောက်မယ်ဆိုရင်တော့ ကျပ်ငွေဘီလီယံ ၁၂၀၀ လောက်ကုန်မှာဖြစ်ပါတယ်။ ဒီ ၁၂၀၀ ဆိုတဲ့ပိုက်ဆံကတော့ နည်းနည်းလေးများပါတယ်။ အဲဒီတော့ အခုလာမယ့် အစိုးရဘတ်ဂျက်က နေပြီးတော့ နောက်ထပ်အစိုးရသစ်အနေနဲ့ ရေးဆွဲရမယ့် ဘတ်ဂျက်လေးနှစ်ကျန်ပါသေးတယ်။ တစ်နှစ် ကို ဆရာဆရာမတစ်သိန်းအတွက် အိမ်ခြေပေါင်း တစ်သိန်းစီ ဆောက်သွားမယ်ဆိုလို့ရှိရင်တော့ တစ်နှစ်ကို ဘီလီယံ ၃၀၀ ပဲကျမှာဖြစ်ပါတယ်။ အဲဒီတော့ ဘီလီယံ ၃၀၀ ဆိုတဲ့ပမာဏက ပြည်ထောင်စု ဘတ်ဂျက်မှာ ဖြစ်နိုင်တဲ့ပမာဏဆိုတာ လေ့လာ တွေ့ရှိရပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်ထောင်စု ဘတ်ဂျက်က တစ်နှစ်ကို ဘီလီယံပေါင်း ၂၂၀၀၀ သုံးစွဲပါတယ်။ အဲဒီတော့ဆိုလိုတဲ့သဘောက ပြည်ထောင်စုအစိုးရက ပိုက်ဆံ ဘီလီယံ ၂၂၀၀၀ ရှိပါတယ်။ အခု ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အိမ်ရာစီမံကိန်းဟာ ဘီလီယံ ၃၀၀ ပဲရှိပါတယ်။ အဲဒီတော့ ကျန်တဲ့ဝန်ကြီးဌာနတွေရဲ့ ဘတ်ဂျက်တွေ ထက်လည်း အများကြီးနည်းပါတယ်။ ဥပမာဆိုကြပါတော့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက် ဆိုလို့ရှိရင် ဘီလီယံ ၂၉၀၀ ရှိပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြတဲ့အိမ်ရာစီမံကိန်းက နှစ်စဉ်ဆောက် သွားမယ်ဆိုရင် ဘီလီယံ ၃၀၀ ပဲရှိပါတယ်။ စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ဆိုလို့ရှိရင် နှစ်စဉ် ဘီလီယံ ၄၂၀၀ ရှိပါတယ်။ အခု ကိုယ်စားလှယ်ကြီးတင်ပြတဲ့ဟာက ဘီလီယံ ၃၀၀ ပဲရှိပါတယ်။ အဲဒီလိုပဲ လျှပ်စစ်ဝန်ကြီးဌာနရဲ့ဘတ်ဂျက်က ဘီလီယံ ၅၀၀၀ ရှိပါတယ်။ နောက် စက်မှုဝန်ကြီးဌာနရဲ့ ဘတ်ဂျက်အသုံးစရိတ်ဆိုလို့ရှိရင် ဘီလီယံ ၆၀၀ ရှိပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြ တဲ့ဟာက ဘီလီယံ ၃၀၀ ပဲရှိပါတယ်။ အဲဒီတော့ ဒါဟာဖြစ်နိုင်ခြေအတွင်းမှာရှိနေတယ်လို့ ယူဆပါတယ်။

သို့သော် တစ်ခုတော့ရှိပါတယ်။ ကျွန်တော်တို့အဆိုတွေ ဆွေးနွေးပြီးသွားရင် ဝန်ကြီးဌာနက သဘောထားပြောတဲ့အခါမှာ ဝန်ကြီးဌာနအနေနဲ့ ဆောက်လုပ်ပေးဖို့ဘတ်ဂျက်မရှိပါဘူးဆိုတဲ့အဖြေမျိုးတွေ ကျွန်တော်တို့ကြားရပါတယ်။ ဒါဟာ အခု ဒီအဆိုမှာလည်း ပါပါတယ်။ ဒါလေးကိုလည်း တစ်ချက် သတိထားသင့်ပါတယ်။ အခုတိုက်တွန်းတာ ဝန်ကြီးဌာနကိုတိုက်တွန်းတာမဟုတ်ပါဘူး။ ဝန်ကြီးဌာနအနေနဲ့တော့ ပညာရေးဝန်ကြီးဌာနရဲ့အသုံးစရိတ်ကို ဘီလီယံ ၁၆၀၀ ခန့်ခွင့်ပြုထားတဲ့

အတွက် ဒီ ဘီလီယံ ၃၀၀ သည် ၁၆၀၀ ရဲ့ ၂၀ ရာခိုင်နှုန်းလောက်ဖြစ်နေတဲ့အတွက် ပညာရေးဝန်ကြီး ဌာနကနေပြီးတော့ ဒီ ဘီလီယံ ၁၆၀၀ ထဲကနေပြီးတော့ ပိုက်ဆံကို အတိုင်းအတာတစ်ခုအထိ ဖယ်ထုတ်ပြီးတော့ အိမ်ဆောက်ပေးမယ်ဆိုရင်တော့ ဒီဟာက၊ ဖြစ်ဖို့ကတော်တော်ခဲယဉ်းသွားပါမယ်။ သို့သော် ပြည်ထောင်စုအစိုးရကနေပြီးတော့ ကျန်တဲ့ဝန်ကြီးဌာနတွေရဲ့အသုံးစရိတ်တွေကို လျှော့ချ ဖြတ်တောက်ပြီးတော့ ပညာရေးကဏ္ဍမှာသုံးစွဲမယ်ဆိုရင်တော့ ဒီပိုက်ဆံသည် ဖြစ်နိုင်တဲ့ပမာဏလို့ ကျွန်တော်တို့ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်ထောင်စုဘတ်ဂျက်တစ်ခုလုံးရဲ့ ၁.၃ ရာခိုင်နှုန်းပဲရှိပါတယ်။ ဆိုလိုတာက ပြည်ထောင်စုအစိုးရက ပိုက်ဆံတစ်ရာသုံးတိုင်း ဒီအိမ်ရာစီမံကိန်း အတွက် ပိုက်ဆံတစ်ကျပ်ပဲချန်ထားဖို့လိုပါတယ်။ ဒါဟာဆိုလို့ရှိရင်တော့ ဖြစ်နိုင်ခြေရှိတယ်လို့ ယူဆ ပါတယ်။ အဲဒီတော့ ဒီမှာ ဆရာဆရာမလေးသိန်းလုံးအတွက် ဆောက်ဖို့ ကျွန်တော်တိုက်တွန်းလိုပါ တယ်။ ဆရာဆရာမလေးသိန်းခန့်ရှိပါတယ်။ လေးသိန်းလုံးအတွက်ဆောက်ဖို့ တိုက်တွန်းလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဝေးလံခေါင်ဖျားတဲ့ဒေသတင်မဟုတ်ဘဲနဲ့ မြို့ပြဒေသမှာလည်း ဆရာဆရာမများ နေစရာအိမ်မရှိပါဘူး။ ကျေးလက်ဒေသမှာနေတဲ့အခါကျတော့ ပိုက်ဆံမပေးရပေမယ့် မြို့ပြမှာနေတဲ့ ဆရာဆရာမများက အိမ်ငှားနေရတယ်။ တချို့လည်း လူများအိမ်မှာကပ်နေရတဲ့အခါကျတော့ ပိုက်ဆံ ကုန်ကျစရိတ်ရှိပါတယ်။ အဲဒီတော့ ရတဲ့လစာက အခြေခံဆရာမတွေဆို ၁၆၀၀၀၀ လောက်ပဲရပါတယ်။ ၁၆၀၀၀၀ လောက်ပဲရတဲ့အချိန်မှာ ကျွန်တော်တို့က ဒီဟာကို အိမ်ငှားခပါထပ်ပေးရမယ်ဆိုရင် မိသားစုကလည်းရှိသေးတယ်။ အိမ်ငှားခပါထပ်ပေးရမယ်ဆိုရင် ဒီပိုက်ဆံက ဘယ်လိုမှမလုံလောက် ပါဘူး။

နောက်တစ်ခုက ခုနကလစာတိုးဖို့ကဟာကလည်း လောလောဆယ်မှာ အစီအစဉ်မရှိသေးဘူး လို့သိထားရတဲ့အတွက် လစာ ၁၆၀၀၀၀ မှာ ငွေကြေးဖောင်းပွမှုက တစ်နှစ်ကို ၁၀ ရာခိုင်နှုန်းနဲ့တက် နေပါတယ်။ ငွေကြေးဖောင်းပွမှုက ၁၀ ရာခိုင်နှုန်းဆိုပေမယ့် အခြေခံစားသောက်ကုန်တွေက ၂၀ ရာ ခိုင်နှုန်း တက်နေပါတယ်။ မြို့ပြဒေသမှာ။ အဲဒီတော့ ဆိုလိုတာက ပထမပေးစဉ်တုန်းကလည်း ၁၆၀၀၀၀ ပေးထားတယ်။ ဆရာဆရာမတစ်ယောက်ကို။ သို့သော် ၂၀ ရာခိုင်နှုန်းတက်လာတာ ဖြစ်တဲ့အတွက် နှစ်စဉ်ဆရာဆရာမတစ်ယောက်ရဲ့ဝင်ငွေဟာ ၂၀၀၀၀ လောက်စီလျော့သွားတာ တွေ့ရပါတယ်။ အဲဒီတော့ စပေးတုန်းက ၁၆၀၀၀၀ တစ်နှစ်ကြာတဲ့အခါမှာ ၁၄၀၀၀၀၊ နောက်တစ်နှစ်ကြာတဲ့အခါမှာ ၁၂၀၀၀၀ ပဲရှိပါတော့တယ်။ သူရဲ့တကယ့်တန်ဖိုးက။ တဖြည်းဖြည်း ဒီပိုက်ဆံတွေက လျော့ကျလာတာဖြစ်ပါတယ်။ အဲဒီတော့ ဆရာဆရာမများ၏ဘဝသည် တိုးတက်မလာ

ဘဲနဲ့ တဖြည်းဖြည်းတစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ဆင်းရဲလာပါတယ်။ ဒါကိုထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ အဲဒီအခါမှာ ပြည်ထောင်စုဘတ်ဂျက်ကနေပြီးတော့ လစာတိုးမပေးနိုင်တဲ့အချိန်မှာ တခြား ကုန်ကျစရိတ်တွေကိုကာမိအောင် ကျွန်တော်တို့ ဒီဝန်ထမ်းအိမ်ရာဆောက်လုပ်တဲ့ဟာမျိုးနဲ့ ထိန်းထား ဖို့လိုပါတယ်။ မဟုတ်လို့ရှိရင် ဒီဆရာဆရာမများရဲ့ဘဝဟာ ပိုပြီးတော့ဆင်းရဲလာတဲ့အတွက် ဒီ ၁၆၀၀၀၀ ဆိုတဲ့ပိုက်ဆံကလည်း ပညာရေးဝန်ကြီးဌာနတစ်ခုတည်းမှ အလုပ်ရှိတာမဟုတ်ဘူး။ ကျန်တဲ့ ဌာနတွေမှာလည်းအလုပ်ရှိတဲ့အတွက် အရည်အသွေးရှိတဲ့ဆရာဆရာမများက ကျန်တဲ့ဌာနတွေကို ရောက်သွားမှာမျိုးကို ကျွန်တော်တို့စိုးရိမ်ပါတယ်။ ကျန်တဲ့အလုပ်တွေသွားလုပ်မှာမျိုးပေါ့။ အဲဒီကျ တော့ ကျွန်တော်တို့ ပညာရေးကဏ္ဍမှာ တော်တော်လေးကို ထိခိုက်သွားမယ့်အခြေအနေမျိုးရှိပါတယ်။ ပြီးတော့ ကျွန်တော်တို့နိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေတဲ့နိုင်ငံဖြစ်တဲ့အတွက် ဈေးကွက်စီးပွားရေးစနစ်မှာ အဓိကကတော့ ကိုယ်ပေးလိုက်တဲ့ဝန်ဆောင်မှုလုပ်ငန်းအတွက် ဘယ် လောက်ပြန်ရမလဲဆိုတာနဲ့ ဈေးကွက်ကြီးကိုမောင်းနှင်တာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ပိုက်ဆံမပေး ဘဲနဲ့ နာသုံးနာတို့၊ စေတနာနဲ့လုပ်နေတာလို့ ဒါတွေပြောနေတာက ဒါက ဈေးကွက်စီးပွားရေးစနစ်နဲ့ ဘယ်လိုမှမဆီလျော်ပါဘူး။ ဆရာဆရာမများအလုပ်က နာရေးကူညီမှုအသင်းလို လူမှုရေးလုပ်ငန်းလို အလုပ်မဟုတ်ပါဘူး။ အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်ပါတယ်။ တူတူတန်တန်ပြန်ပေးဖို့လိုပါတယ်။ အခုမြန်မာနိုင်ငံမှာဖြစ်နေတာက တူတူတန်တန်ပြန်မပေးတဲ့အပြင် ရှိတဲ့လစာတောင်မှ ငွေကြေး ဖောင်းပွမှုနဲ့ တဖြည်းဖြည်းပြုန်းတီးနေတာဖြစ်တဲ့အတွက် အဲဒါကို ကာကွယ်တားဆီးဖို့အတွက် အဆိုရှင် ဦးကျော်ငြေးတင်သွင်းသွားတဲ့ ပြည်ထောင်စုဘတ်ဂျက်ကလည်း ခွင့်ပြုနိုင်တဲ့ပမာဏဖြစ်တဲ့ အတွက် ဆရာဆရာမများအတွက် အိမ်ဆောက်လုပ်ဖို့ကို လေးလေးနက်နက်ထောက်ခံပါကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ သာလေစွပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ အဆိုရှင် ဦးကျော်ငြေး၊ လေရှီး မဲဆန္ဒနယ်ရဲ့ အဆို ကို ထောက်ခံဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ အဓိက အရေးပါတဲ့အခန်းကဏ္ဍဖြစ်တဲ့ ပညာရေးကဏ္ဍမှာ ဆရာဆရာမများက အဓိကဇာတ်ဆောင်တွေ၊ လူ့အဖွဲ့အစည်းတစ်ခုရဲ့လမ်းပြ မီးရှူး တန်းဆောင်တွေဖြစ်တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းမှာ ခေတ်အဆက်ဆက် ပညာရေးဝန်ထမ်းဆရာဆရာမတွေဆိုတာ မိမိတို့ကိုယ်တိုင်ရဲ့ အခက်အခဲ၊ လိုအပ်ချက်တွေအပေါ်မှာ မိမိတို့ရဲ့ဂုဏ်သိက္ခာအရသော်လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ထုတ်ဖော်ကြေညာမှုအားနည်းတတ်တဲ့ Silent Community တစ်ခု ဖြစ်ပါတယ်။ လေးစားရပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးသဖြင့် ဖွံ့ဖြိုးမှုအားနည်းတဲ့ဒေသတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာဆရာမတွေရဲ့ဘဝတွေဟာ အင်မတန်ကြမ်းတမ်းပါတယ်။ ဥပမာ ကျွန်တော်တို့ကျောက်တော်မြို့နယ်မှာ ရွာပေါင်း ၃၀၀ နီးပါးရှိပါတယ်။ အဲဒီမှာ မြို့ပေါ်က ဆရာဆရာမတွေကို ဗဟိုပြုပြီးတော့စဉ်းစားရင် နေ့ချင်းပြန်သွားလို့ရတဲ့ ကျေးရွာက ၆၀ လောက်ပဲရှိပါတယ်။ ကျန်တဲ့ကျေးရွာတွေမှာတော့ အဲဒီဒေသမှာပဲ အခြေချနေထိုင်ပြီးတော့ တာဝန်ထမ်းဆောင်ကြရပါတယ်။ တချို့အဆင်ပြေတဲ့ရွာတွေမှာဆိုရင် ရွာကကူညီဆောက်ပေးထားတဲ့ ဝန်ထမ်းအိမ်ကလေးတွေရှိသလို၊ တချို့ရွာတွေမှာဆိုရင် အခြားမျက်နှာစိမ်းအိမ်တွေမှာ အဖီဆွဲပြီးတော့ ခိုကပ်နေကြရပါတာတွေရှိပါတယ်။ ဆွေးမတော်မျိုးမစပ်တဲ့ သူတစ်ပါးအိမ်မှာနေရတဲ့အခြေအနေတွေဆိုတာဟာ အင်မတန်မှ ကျဉ်းကျပ်တယ်ဆိုတာ လူတိုင်းခံစားလို့ရတဲ့ကိစ္စဖြစ်ပါတယ်။ ကိုယ်ယုံကြည်ရာ၊ ကိုယ်ဝါသနာပါရာ၊ ကိုယ့်အလုပ်အပေါ်မှာ အာရုံစိုက်ပြီးတော့ မလုပ်နိုင်တဲ့အပြင် တခြားသောအဆင်မပြေမှုတွေ၊ မလိုလားအပ်တဲ့လူမှုပြဿနာတွေ ဖြစ်တတ်ပါတယ်။ ကိုယ်တိုင်ဆောက်လုပ်ကြတဲ့ ဝန်ထမ်းမိသားစုတွေမှာလည်းဘဲ ငွေကြေးအခက်အခဲကြောင့်လည်းကောင်း၊ ဝန်ထမ်းသဘောသဘာဝအရ အခြေချနေထိုင်ဖို့ အစီအစဉ်တွေလည်း မရှိတဲ့အခါကျတော့ ဒေသထွက်ပစ္စည်းတွေနဲ့ဖြစ်သလို ခနော်ခနဲ့နှင့် ဆောက်နေကြရတဲ့ အခြေအနေတွေကို နယ်တွေမှာ အများကြီးတွေ့နေကြရပါတယ်။ ပြီးခဲ့တဲ့အခေါက် နယ်ကိုဆင်းတော့ ဆရာဆရာမတွေ ရွှံ့ဗွက်တွေထဲမှာ မိုးမလုံ၊ လေမလုံနဲ့ဖြစ်သလို တာဝန်ထမ်းဆောင်နေကြရတဲ့ ဝန်ထမ်းတွေကို ကျွန်တော်တို့စိတ်မကောင်းစွာ အများကြီးတွေ့ခဲ့ရပါတယ်။ မိုးရွာလေတိုက်ရင် ဘယ်လိုနေလဲမေးတော့ နီးစပ်ရာအဆောက်အဦဆီ ပြေးကြရတယ်လို့ ဆိုပါတယ်။

လေးစားရပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့လို တိုးတက်လာနေတဲ့ခေတ်ကြီးမှာ ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်၊ အားနည်းချက်၊ မိသားစုတစ်ခုရဲ့မပြည့်စုံမှု၊ မလုံခြုံမှု၊ အာမခံချက်မရှိတဲ့ဘဝ

တွေနဲ့ ကျွန်တော်တို့နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသလို ပီတိကိုစားပြီး ဗိုက်မဝတဲ့အခြေအနေ အနေအထားတွေဟာ စိတ်ပိုင်းဆိုင်ရာကိုပါ အများကြီးထိခိုက်ကျဆင်းစေပါတယ်။ မိမိတို့လုပ်ငန်း တာဝန်တွေအပေါ်မှာ ထက်သန်တက်ကြွမှုတွေကို အနည်းအများလျော့နည်းစေတယ်ဆိုတာ ငြင်းမရ ပါဘူး။ ဒါတွေဟာ ထူးချွန်ထက်မြက်တဲ့၊ အရည်အချင်းပြည့်ဝတဲ့ဝန်ထမ်းကောင်းတွေ ထွက်ပေါ် လာရေးမှာလည်း အဟန့်အတားတွေဖြစ်စေပါတယ်။ ကျွန်တော်တို့မပြည့်စုံတဲ့၊ ဖြစ်သလိုနေရတဲ့ အနေအထားတွေဟာ ပတ်ဝန်းကျင်ရဲ့အထင်ကြီးလေးစားမှု၊ တန်ဖိုးထားမှုတွေလည်းလျော့နည်း စေပါတယ်။ အခြားအရေးကြီးတဲ့ကိစ္စတစ်ခုကတော့ ဆရာဆရာမတွေဆိုတာ ကလေးတွေရဲ့ နှလုံးသားကို အလှမ်းမိုးနိုင်ဆုံးပုံရိပ်တွေ၊ တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်တွေကို မွေးထုတ်ပေး နေတဲ့သူတွေ၊ လူ့အဖွဲ့အစည်းတစ်ခုရဲ့အရွေ့အတွက် ပါဝါတွေပိုင်ဆိုင်ထားတဲ့သူတွေဖြစ်တဲ့အတွက် ဘွဲ့ရပညာတတ်ကြီးတွေဖြစ်တဲ့ ဆရာဆရာမတွေရဲ့ ဖြစ်သလိုနေရတဲ့အနေအထားတွေဟာ ကလေး တွေရဲ့ စံလွဲမှုကိုလည်း ဖြစ်ပေါ်စေပါတယ်။ ဒါတွေအားလုံးဟာ ပညာရေးပြုပြင်ပြောင်းလဲဖို့ ကြိုးစားနေတဲ့လမ်းကြောင်းထဲမှာ မမြင်ရတဲ့စိန်ခေါ်မှုထဲက တစ်ခုဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပညာရေးနှင့်ပတ်သက်လာရင် ကမ္ဘာမှာ နံပါတ်တစ်ဖြစ်နေတဲ့ တောင်ကိုရီးယားနိုင်ငံကို ဥပမာထားပြောကြတာများပါတယ်။ အဲဒီနိုင်ငံရဲ့ ပညာရေးတိုးတက်မှုရဲ့နောက်ကွယ်မှာ ပညာရေး ဝန်ထမ်းတွေကို နိုင်ငံတော်ကအကောင်းဆုံးလစာတွေနဲ့ လုံခြုံတည်ငြိမ်ပြီး ဂုဏ်သိက္ခာရှိရှိရပ်တည် နိုင်အောင် တာဝန်ယူပေးထားနိုင်တာကလည်း အကြောင်းရင်းတစ်ရပ် ဖြစ်တယ်ဆိုပြီး သုံးသပ်ကြပါ တယ်။ ကျွန်တော်တို့နိုင်ငံလိုပဲ ဒေသတွင်းနိုင်ငံထဲမှာ ပုံသဏ္ဌာန်တူတဲ့ နိုင်ငံတစ်နိုင်ငံရှိပါတယ်။ ကမ္ဘောဒီးယားနိုင်ငံဖြစ်ပါတယ်။ နိုင်ငံတော်ကပြီးပြည့်စုံစွာ တာဝန်မယူပေးနိုင်သော ပညာရေး အလုပ်တွေကို အခြားဒုတိယအလုပ်တွေနဲ့တွဲပြီး လုပ်လာကြရတယ်။ ပညာရေးမှာ စိတ်ဝင်စားမှု နည်းလာတယ်။ စာသင်ချိန်တွေလျော့နည်းလာတယ်။ ကျောင်းသားနှင့်ဆရာဆရာမတွေကြားမှာ အဂတိလိုက်စားမှုတွေ ကြီးထွားလာတယ်။ ဒါကြောင့် ပညာရေးစနစ်ဟာ အခြေအနေဆိုးရွားလာ နေတယ်ဆိုပြီး လေ့လာဖတ်ရှုရပါတယ်။ ဒါပေမဲ့ ကမ္ဘောဒီးယားနိုင်ငံရဲ့ ပညာရေးအသုံးစရိတ်ဟာ မြန်မာနိုင်ငံထက် နှစ်စဉ်အလိုလိုမြင့်နေတာတွေ့ရပါတယ်။ ဒါပေမဲ့ ဆရာဆရာမတွေရဲ့ အခန်းကဏ္ဍ မှေးမှိန်နေသမျှ အဲဒီပညာရေးစနစ်ဟာ တိုးတက်ဖို့မလွယ်ဘူးဆိုတာ သက်သေပြနေတာ ဖြစ်ပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၂၆ ပုဒ်မခွဲ(ခ)မှာလည်းပဲ နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံ

ချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေးအတွက် လိုအပ်တဲ့ဥပဒေများပြဋ္ဌာန်းရမယ်လို့ အတိအလင်း ဖော်ပြထားပါတယ်။ ဒါကြောင့် ပြောင်းလဲလာတဲ့ခေတ်စနစ်တွေနဲ့အညီ တိုင်းပြည်အတွက် အရေးကြီး တဲ့ ပညာရေးပဲ့ကိုင်ရှင်၊ လူ့အဖွဲ့အစည်းအတွက် မီးရှူးတန်ဆောင်ဖြစ်တဲ့ ပညာရေးဝန်ထမ်း ဆရာ ဆရာမများအတွက် အမှန်တကယ်လိုအပ်ချက်အခြေအနေဖြစ်တဲ့အတွက် ဒီအဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သန်းစိန်(ခန္တီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေရှီးမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဋ္ဌေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ထမ်းဆရာဆရာမများအတွက် နေစရာဝန်ထမ်းအိမ်ရာမရှိတဲ့အခါ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများရဲ့ သင်ကြားသင်ယူမှုဖြစ်စဉ်မှာ အနှောင့်အယှက် ဖြစ်ပေါ်စေခြင်းများကို ဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ဘက်ဒေသမှာ ကျောင်းဆရာဆရာမများ ရောက်လာရင် နေစရာဝန်ထမ်းအိမ်ရာမရှိတဲ့အခါ စာသင်ကျောင်း သို့မဟုတ် ကျေးရွာလူကြီးများ စီစဉ်ပေးတဲ့အဆောက်အဦနေရာတွေမှာ နေကြရပါတယ်။ မိသားစုနည်းတဲ့အိမ်တွေမှာ အတူပေါင်းပြီး နေခိုင်းတာလည်း ရှိပါတယ်။ ဒါကတော့ ကျေးရွာဒေသ၊ ကျေးရွာများမှာ ဖြစ်ပါတယ်။ စာသင်ကျောင်း များဟာ များသောအားဖြင့် ရွာအစွန်အဖျား၊ ရွာအပြင်ဘက်မှာ ဆောက်ထားကြတာများပါတယ်။ တာဝန်နဲ့ရောက်လာတဲ့ ဆရာဆရာမများဟာ အသက်ကငယ်ငယ်၊ အကာအရံမလုံခြုံတဲ့ကျောင်းများ ကျေးရွာလူကြီးများစီစဉ်ပေးထားတဲ့ အဆောက်အဦများနေရာမှာ နေရတဲ့အခါ စိတ်မလုံခြုံမှုများ ခံစား ရမှာ သေချာပါတယ်။ စိတ်လုံခြုံမှုမရှိဘဲ ဆရာဆရာမတစ်ယောက်ဆီကထွက်လာတဲ့ ပညာရေးနို့ရည် ကြည်ဟာ ကျောင်းသားကျောင်းသူတွေအတွက် အာဟာရအပြည့်အဝ ပါလာနိုင်ပါ့မလားဆိုတာ ကိုယ်စားလှယ်တော်ကြီးများ စဉ်းစားစေချင်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့တော့ သင်ကြားသင်ယူမှု ရည်ရွယ်ချက်အောင်မြင်နိုင်ဖို့ ခက်ခဲလိမ့်မယ်လို့ ထင်မိပါတယ်။ မိသားစုနည်းတဲ့အိမ်တွေမှာ ပေါင်းပြီးနေရမယ်ဆိုရင် ဆရာဆရာမများဟာ နှစ်ရှည်လများကြာလာတဲ့အခါ အိမ်ရှင်နှင့် အဆင်ပြေ တာရှိသလို၊ အဆင်မပြေတာလည်းရှိလာမှာ သေချာပါတယ်။ စိတ်အနှောင့်အယှက်လေးတွေ တစ်ခါ

တလေရှိလာတဲ့အခါမှာ ဆရာဆရာမတစ်ယောက်အနေနဲ့ ကျောင်းသားကျောင်းသူများကို စိတ်ကြည်ကြည်လင်လင်နဲ့ ပညာသင်ကြားပို့ချနိုင်ဖို့ ခဲယဉ်းလာနိုင်ပါတယ်။ ပညာရေးဌာနရဲ့ ရည်မှန်းချက်ပေါက်မြောက်ဖို့ အဟန့်အတားဖြစ်စေမှာ သေချာပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ အချက်တွေကတော့ ကျေးလက်ဒေသများမှာ တာဝန်ကျတဲ့ ဆရာဆရာမတချို့ရဲ့ ခံစားမှုနှင့် ပညာရေးအပေါ်သက်ရောက်မှုများ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပေါ် သို့မဟုတ် မြို့မကျတောမကျအရပ်မှာတာဝန်ကျတဲ့ ကျောင်းဆရာဆရာမများဆိုလျှင် ပိုပြီးအခက်အခဲတွေ့မယ်လို့ ထင်ပါတယ်။ မြို့ပေါ်မှာတာဝန်ကျတဲ့ဆရာဆရာမများ နေဖို့အိမ်ရာမရှိတဲ့အခါ အိမ်ငှားနေကြရတာလည်းရှိပါတယ်။ အခုခေတ်အိမ်ငှားခမှာလည်း အိမ်ခန်းလေးတစ်ခန်းဆိုရင် လေး၊ ငါးသောင်းပေးနေရပါတယ်။ မိမိရဲ့လစာငွေကို နေရေးအတွက် အိမ်ငှားခ လေး၊ ငါးသောင်းပေးပြီး ကျန်တာကို စားဝတ်နေရေးမှာ အဓိကသုံးကြရမယ်ဆိုလျှင် ကျန်းမာရေးနှင့်အခြားလူမှုရေးကိစ္စများပေါ်လာပါက ဘာနဲ့အသုံးပြုရမလဲဆိုတာ ဖြစ်လာပါမယ်။ ဒီအခါ ဆရာဆရာမများအတွက် အခက်အခဲကြုံတွေ့လာမှာဖြစ်ပြီး ဆင်းရဲမွဲတေမှုစာရင်းထဲမှာ ပါလာနိုင်ပါတယ်။ ဆင်းရဲမွဲတေမှုပပျောက်ရေးဆိုတဲ့ ခေါင်းစဉ်ဟာလည်း အောက်ခြေနိုင်ငံ့ဝန်ထမ်းများကြားမှာ ယုံတမ်းစကားအဖြစ်ကျန်ရစ်မှာဖြစ်ပြီး ဆရာဆရာမများအဖို့ ဆင်းရဲမွဲတေခြင်းထဲက လွတ်မြောက်လာမှာမဟုတ်တဲ့အပြင် ပညာရေးရည်မှန်းချက်များ ထိခိုက်လာမှာသေချာပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိကျွန်တော်တို့ဒေသမှာ ဆရာဆရာမများရဲ့အခက်အခဲတွေကို ကျေးရွာလူကြီးများက အနီးကပ်တွေ့မြင်ရတဲ့အတွက် ကျောင်းသားမိဘများနှင့်ပူးပေါင်းကာ ကျောင်းဆရာဆရာမများအတွက် နေအိမ်အဆောက်အဦများ ဆောက်လုပ်ပေးကြတာတွေ့ရပါတယ်။ တချို့နေရာမှာတော့ အကာအရံလုံလုံခြုံခြုံရှိပေမဲ့ တချို့ဒေသတွေမှာတော့ မလုံမခြုံတွေ့ရပါတယ်။ လုံခြုံသည်ဖြစ်စေ၊ မလုံခြုံသည်ဖြစ်စေ ဆရာဆရာမနေအိမ်အဆောက်အဦများကို ကျေးရွာလူကြီးများနှင့် ကျောင်းသားမိဘများက တာဝန်ယူဆောက်ပေးရသဖြင့် မိဘများအတွက်ဝန်ထုပ်ဝန်ပိုး ထမ်းပိုးနေရတာတွေ့ရပါတယ်။ ကျောင်းသားမိဘများရဲ့ဝန်ကို လျော့အောင်လုပ်ပေးတဲ့ပညာရေးစနစ်မှာ ဆရာဆရာမများရဲ့နေအိမ်အတွက် တာဝန်ယူရတဲ့မိဘများအဖို့ ဝန်လျော့အောင်လုပ်ပေးတဲ့ပညာရေးစနစ်ဟုတ်ရဲ့လားလို့ စဉ်းစားရမလိုဖြစ်နေပါတယ်ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အခြေခံလူတန်းစား သာမန်လူသားများရဲ့ဘဝမှာ စားဝတ်နေရေးဟာအဓိကလိုအပ်ချက်များဖြစ်ပါတယ်။ ဒီထဲက ကျောင်းဆရာဆရာမများအဖို့ နေရေးမလုံခြုံတဲ့အခါ စိတ်ပိုင်းဆိုင်ရာပျော်ရွှင်မှုကိုတော့ ထိခိုက်စေမှာသေချာပါ

တယ်။ ဒါကြောင့် ဥာဏစစ်သည်များလို့ခေါ်တဲ့ ဆရာဆရာမများရဲ့နေရေးအတွက် ပညာရေးဝန်ထမ်း အိမ်ရာများကို နိုင်ငံတော်ကအတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် ပညာရေးရည်မှန်းချက်တွေ အောင်မြင်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ သို့အတွက်ကြောင့် လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ငွေးရဲ့အဆိုကိုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က တော့ နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။ လေးရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေးရဲ့အဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးကျော်ငွေးရဲ့အဆိုကို ရှေ့မှာလည်း စုံစုံလင်လင် ဆွေးနွေးသွားခဲ့ကြပြီး ဖြစ်ပါ တယ်။ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ကို အခြေပြုပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေမှာ ကျေးရွာပေါင်း ၁၁၀ ရှိပါတယ်။ အဲဒီကျေးရွာ တွေမှာ တာဝန်ထမ်းဆောင်ကြတဲ့ ပညာရေး ဝန်ထမ်းအများစုဟာ ရပ်ဝေးကလာတဲ့ ဆရာဆရာမတွေပဲ ဖြစ်ပါတယ်။ ခက်ခဲပေမယ့်လို့ ကြိုးစားပြီး ဆိုင်ကယ်နဲ့သွားရတဲ့ ကျေးရွာတွေရှိသလို ညအိပ်ခြေကျင် သွားရတဲ့ခရီးသွားတွေ တော်တော်များ ပါတယ်။ သွားလာရတဲ့လမ်းခရီးတွေက ခက်ခဲပြီးတော့ တာဝန် ကျတဲ့ရွာကို ရောက်လာကြတဲ့အခါမှာ လုံခြုံမှုမရှိတဲ့၊ ဒေသခံတွေဆောက်ပေးတဲ့ ဝါးအိမ်လေးတွေမှာပဲ အဆင်ပြေသလိုနေပြီး တာဝန် ထမ်းဆောင်ကြရပါတယ်။ ဒီတော့ ရာသီဥတုကြောင့် ဒီအိမ်တွေကိုလည်း ပဲ ခဏခဏပြုပြင်ရပါတယ်။

ဒီလိုပြုပြင်ရတဲ့အတွက်ကြောင့်မို့လို့ ဒေသခံတွေအတွက် ဆရာဆရာမ များနေဖို့ နေအိမ် ဆောက်ပေးရတာဟာ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုဖြစ်ပါတယ်။ တချို့ကတော့ ရွာလူကြီး တွေစီစဉ် ပေးတဲ့အိမ်တွေမှာ နေရတယ်ဆိုပေမယ့်လို့ ရေရှည်အတွက်ကတော့ အခက်အခဲအများကြီး တွေ့ရပါတယ်။ ဒီလိုအခက်အခဲတွေ စုံလာများလာတဲ့အခါမှာ ကလေးတွေကို ပညာသင်ကြားပေးဖို့ စိတ်အနှောင့်အယှက်ဖြစ်လာတယ်။ စိတ်ဓာတ်တွေကျလာတယ်။ အစစအရာရာ ကုန်ဈေးနှုန်း မြင့်မားမှုတွေ ငွေကုန်ကြေးကျတွေများတယ်။ အဆက်အသွယ်တွေခက်ခဲသလို နေထိုင်ရေးအဆင် မပြေမှု အခက်အခဲတွေ့ကြုံနေရခြင်းဟာ ပညာသင်ကြားပေးတဲ့ဆရာဆရာမများအတွက် စိတ်ပိုင်း

ဆိုင်ရာ ထိခိုက်မှုအများကြီးဖြစ်စေပါတယ်။ ဒီတော့ ပညာသင်ကြားမှုခံယူနေကြတဲ့ ဌာနေ တိုင်းရင်းသား ကလေးများရဲ့ အနာဂတ်အတွက်လည်းပဲ အတားအဆီးဖြစ်လာစေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဒီလိုဝေးလံပြီး ခက်ခဲတဲ့ကျေးလက်ဒေသတွေမှာ ကြံ့ကြံ့ခံပြီးမှ နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းဆောင်ကြတဲ့ ပညာရေးဝန်ထမ်းတွေအတွက် ဝန်ထမ်းအိမ်ရာတွေဟာ အမှန်တကယ်မရှိမဖြစ် အရေးကြီးလိုအပ်နေပါတယ်။ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ခြင်းဟာ နိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ဖို့ အဓိကအချက်ဖြစ်သလို ကျေးလက်နေပြည်သူများရဲ့ လူနေမှုဘဝတိုးတက် မြင့်မားလာနိုင်ဖို့ ပညာရေးကဏ္ဍဟာဆိုရင်လည်း အရေးကြီးတာဖြစ်လို့ နိုင်ငံတော်အနေနဲ့ မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာသေးခင်ကပဲ ကျွန်တော်တို့မြို့နယ်အချို့မှာ ဝန်ထမ်းအိမ်ရာတွေအတွက် ဘတ်ဂျက်တွေချပေးပြီဆိုတာကို သိရလို့ အနည်းငယ်ဝမ်းသာရပါတယ်။ ဒီလိုဝန်ထမ်းအိမ်ရာတွေအတွက် ဘတ်ဂျက်တွေချပေးတဲ့အခါမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ နယ်စပ်ဒေသများအတွက်ဆိုရင် ဒေသပေါက်စျေးကို လိုက်ပြီးတော့ ဘတ်ဂျက်ချပေးဖို့ရန်အတွက်လည်းပဲ လိုအပ်တယ်လို့ အကြံပြုလိုပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ မြို့ပြတွေမှာ သိန်း ၁၀၀၀ နဲ့ သတ်မှတ်အဆောက်အဦတစ်ခုကို ဟိန်းနေအောင်ဆောက်လို့ရပေမဲ့လို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ကျေးလက်ဒေသတွေမှာကတော့ သာမန်ပျဉ်ခင်းကပ်ကာအဆင့် လောက်ပဲ ဆောက်လို့ရနိုင်တာဖြစ်ပါတယ်။ ထိုနည်းတူစွာ ကျေးလက်ဒေသအခြေခံကျောင်းတွေမှာ တာဝန်ထမ်းဆောင်ကြတဲ့ ပညာရေးဝန်ထမ်းတွေအတွက် လစာငွေတိုးမြှင့်ပေးဖို့ကိုလည်း အထူးတင်ပြ လိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ဒီလိုနိုင်ငံတော်က ဝေးလံခေါင်းပါးတဲ့နယ်စပ်ဒေသတွေမှာ တာဝန်ထမ်းဆောင် ကြတဲ့ပညာရေးဝန်ထမ်းတွေသာမက မြို့ပြတွေမှာပါ တာဝန်ထမ်းဆောင်နေကြတဲ့ ပညာရေးဝန်ထမ်း တွေအတွက်လည်းပဲ ဝန်ထမ်းအိမ်ရာတွေ ဆောက်လုပ်ပေးမယ်ဆိုလို့ရှိရင် ဆရာဆရာမတွေဟာ လုံလုံ ခြုံခြုံနဲ့နေလို့ရမှာဖြစ်သလို ကောင်းမွန်စွာပညာသင်ကြားနိုင်ရေးအတွက်လည်း များစွာအထောက် အကူရှိလာမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးလှထွန်းကျော်(မောင်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် လေ့လာသူရောက်ရှိနေကြတဲ့ ဧည့်သည်တော်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မောင်တောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေရှီးမဲဆန္ဒနယ်က ဦးကျော်ဌေး တင်သွင်းတဲ့အဆိုကို မိမိရဲ့မဲဆန္ဒနယ်က ဒေသအခြေအနေကို ထောက်ပြပြီးတော့ ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မဲဆန္ဒနယ်ဖြစ်တဲ့ မောင်တောမြို့နယ်ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ အနောက်တံခါး၊ ရခိုင်ပြည်နယ်ရဲ့ အနောက်တံခါးလို့ ဆိုနိုင်တဲ့ ထူးခြားတဲ့မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်ဟာ မြို့ပေါ်မှာ ရပ်ကွက်ခြောက်ခုရှိပါတယ်။ အခု မြို့သစ်တည်နေတဲ့ သုံးခုရှိပါတယ်။ ကျေးရွာပေါင်းကတော့ ၃၆၄ ရွာ တည်ရှိပါတယ်။ တစ်မြို့နယ်လုံးရဲ့လူဦးရေကတော့ ၅၂၅၅၁၃ ဦး နေထိုင်လျက်ရှိကြပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုး ဖြစ်ကြတဲ့ ရခိုင်ရယ်၊ ဗမာရယ်၊ သက်ရယ်၊ ဒိုင်းနက်ရယ်၊ မြိုရယ်၊ မရမာကြီးရယ်ဆိုတဲ့ တိုင်းရင်းသားမျိုးနွယ်စုက ၄၉၀၃၁ ယောက်ရှိပါတယ်။ ကျန်တဲ့ လူဦးရေ လေးသိန်းကျော်ကတော့ ကျွန်တော်တို့ရဲ့ ဘာသာမတူ မျိုးနွယ်ခြားလူမျိုးများဖြစ်ကြပါတယ်။ ကျွန်တော်တို့ မောင်တောမြို့နယ်မှာ ပညာရေးဌာနက ဖွင့်လှစ်ပြီးတော့ သင်ကြားထားတဲ့ကျောင်းအနေနဲ့ တင်ပြရရင် အ.ထ.ကကျောင်းက ခြောက်ကျောင်းရှိပါတယ်။ အ.ထ.က(ခွဲ)က ၁၀ ကျောင်းရှိပါတယ်။ အ.လ.ကကျောင်းက တစ်ကျောင်းပါ။ အ.လ.က(ခွဲ)က ၁၃ ကျောင်းပါ။ မူလွန်ကျောင်းက ၉၄ ကျောင်းရှိပါတယ်။ အ.မ.ကကျောင်းက ၃၉ ကျောင်း၊ အ.မ.က (ခွဲ)က ၂၀ ကျောင်းရှိပါတယ်။ အဲဒီမှာ အထက်တန်းပြဆရာက ၁၂၉ ဦး၊ အလယ်တန်းပြဆရာဆရာမက ၃၂၃ ဦး၊ မူလတန်းပြဆရာဆရာမက ၇၅၂ ဦး စုစုပေါင်း ကျောင်းပေါင်း ၁၈၃ ကျောင်းနှင့် ဆရာဆရာမပေါင်း ၁၂၀၄ ဦးရှိပါတယ်။ ကျောင်းသားကျောင်းသူပေါင်းကတော့ ၉၂၃၁၄ ဦးရှိပါတယ်။ အဲဒီလို ကျောင်းတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာဆရာမတွေဟာ ဒေသခံပညာရေးဝန်ထမ်းအနေနဲ့ ၃၀ ရာခိုင်နှုန်းသာရှိပြီးတော့ ကျန်တဲ့ ၇၀ ရာခိုင်နှုန်း ဆရာဆရာမတွေကတော့ ရခိုင်ပြည်နယ်အတွင်း မြို့နယ်ခြားက ဆရာဆရာမတွေ၊ တိုင်းဒေသကြီး/ပြည်နယ်ခြားက လာရောက်တာဝန်ထမ်းဆောင်ကြတဲ့ ပညာရေးဝန်ထမ်းများဖြစ်ကြပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီးတော့ ကျေးလက်ကျောင်းများမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာဆရာမများဟာ ရေမြေဒေသအခြေအနေ အေးချမ်းတည်ငြိမ်မှုမရှိတဲ့အတွက်ကြောင့်လည်းကောင်း၊ ဒေသတစ်ခုလုံးမှာ တိုင်းရင်းသားရွာ

နည်းပါးတဲ့အတွက်ကြောင့်လည်းကောင်း၊ ဘာသာခြားကျေးရွာကျောင်းများ များပြားတဲ့အတွက်ကြောင့်လည်းကောင်း၊ နိုင်ငံတော်က ဖွင့်လှစ်ထားတဲ့ ပညာရေးကျောင်းများမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာဆရာမများဟာ နယ်မြေဒေသရဲ့နယ်ခြားစောင့်တပ်စခန်းရှိရာကို စုရပ်အနေနဲ့ထားပြီးတော့ ကျွန်တော်တို့ စုရပ် ၂၁ ခု ခွဲပြီးမှ စုပေါင်းနေထိုင်ပြီးတော့ တာဝန်ထမ်းဆောင်နေကြရပါတယ်။ အဲဒီမှာ ကျွန်တော်တို့နေထိုင်တဲ့ စုရပ်ရဲ့ အရေအတွက်လောက်ကို အကြမ်းဖျင်းတင်ပြရရင်တော့ ဆရာဆရာမ ၆၀ ဦးကနေ ၇၀ ဦးထိ နေထိုင်တဲ့ စုရပ်က နှစ်ခုရှိပါတယ်။ ၅၀ ဦးကနေ ၆၀ ဦး ကြားနေထိုင်တဲ့ ဆရာဆရာမ စုရပ်က နှစ်ခုရှိပါတယ်။ ၄၀ ဦးနဲ့ ၅၀ ဦးကြားမှာနေထိုင်တဲ့ ဆရာဆရာမစုရပ်က သုံးခုရှိပါတယ်။ ၃၀ ဦးနဲ့ ၄၀ ဦးကြားမှာကတော့ နှစ်ခုပါ။ ၂၀ ဦးနဲ့ ၃၀ ဦး ကြားမှာနေထိုင်တဲ့ဆရာဆရာမစုရပ်ကတော့ နှစ်ခုပါ။ နောက် ၁၀ ဦးကျော်နဲ့ ၂၀ ဦးကြားမှာနေထိုင်တဲ့ဆရာဆရာမစုရပ်က ၁၀ ခုရှိပါတယ်။ အားလုံးပေါင်း စုစုပေါင်း စုရပ်က ၂၁ ခု၊ ဆရာဆရာမပေါင်း ၆၄၀ ဦးကျော် ကျွန်တော်တို့ အဲဒီလို အခက်အခဲမျိုးစုံကြားက စုရပ်အနေနဲ့ နေထိုင်ပြီးမှ ခက်ခက်ခဲခဲနေထိုင်ရပါတယ်။ အဲဒီလို စုရပ်နေထိုင်ရတဲ့ ပညာရေးဝန်ထမ်းများဟာ ဒေသအတွင်းမှာရှိတဲ့ NGO အဖွဲ့အစည်းရဲ့ ပံ့ပိုးပြီးတော့ ဆောက်ပေးတဲ့အဆောက်အဦမှာနေထိုင်တဲ့ ဆရာဆရာမရှိသလို ကိုယ်ထူကိုယ်ထအဆောက်အဦတွေ ဆောက်ပြီးတော့ နေထိုင်တဲ့ဆရာဆရာမတွေလည်းရှိကြပါတယ်။ တချို့သောကျေးရွာတွေမှာကျတော့ ငှားရမ်းပြီးတော့ရတဲ့ရွာတွေမှာ ငှားရမ်းပြီးတော့သော်လည်းကောင်း၊ တချို့သောဆရာဆရာမတွေကျတော့ ကျောင်းဆောင်တွေရဲ့ဘေးမှာ အဖီကလေးတွေချပြီးတော့ အခက်အခဲမျိုးစုံနဲ့နေထိုင်ပြီး စိတ်ဆင်းရဲကိုယ်ဆင်းရဲပေါင်းစုံနဲ့ တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နေကြပါတယ်။ ပညာရေးဝန်ထမ်းဆရာဆရာမဆိုတာ ကျောင်းသားမိဘ လူထုရှေ့မှောက်မှာ ဂုဏ်သိက္ခာသိမ်ငယ်မှုနဲ့ ရပ်တည်နေရတဲ့သဘောသဘာဝဖြစ်နေတဲ့အခြေအနေမှာ အခုလို ကျွန်တော်တို့ မြို့နယ်အတွင်း လုံခြုံရေးအားနည်းခြင်း၊ လူမျိုးရေးပဋိပက္ခ စိုးရိမ်မှုလွန်ကဲနေတဲ့ ဒေသတစ်ခုမှာ နိုင်ငံတော်ရဲ့ပညာရေးမူဝါဒကို အကောင်အထည်ဖော် တာဝန်ထမ်းဆောင်နေကြတဲ့ ပညာရေးဝန်ထမ်းများရဲ့ ပကတိကြုံတွေ့နေရတဲ့အခြေအနေကို မိခင်ဌာနဖြစ်တဲ့ ပညာရေးဌာနမှာ အဓိကတာဝန်ရှိတယ်လို့ ယုံကြည်တဲ့အတွက် ယနေ့ဆွေးနွေးတဲ့ ဦးကျော်ဌေးရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဗိုလ်မှူးသိန်းထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လေရှီးမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့တင်ပြထားတဲ့အဆိုမှာ နယ်စွန်နယ်ဖျားဒေသများမှာ တာဝန်ထမ်းဆောင်နေတဲ့ အခြေခံပညာဆရာများရဲ့ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရေးကို အဓိကထားတင်ပြထားပေမယ့်လို့ ဒီကိစ္စဟာ ဒီ Remote ဧရိယာများမှာသာမကဘူး မြို့ပေါ်ဒေသများမှာပါ ဖြစ်ပေါ်နေတဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အပိုင်းသုံးပိုင်းနဲ့ ခြုံငုံပြီးဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အား Power Point အသုံးပြုခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ပထမအချက်အနေနဲ့ မြန်မာနိုင်ငံဟာ ပညာရည်မြင့်မားရေးအတွက် Myanmar National Education For All EFA Goals ချမှတ်ပြီး Long Term Basic Education Plan နဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းရည်မှန်းချက်များအနက် Improving all aspect of the quality of basic education teacher education personal and curriculum charts အချက်ဟာ အရည်အသွေးအပြည့် အခြေခံပညာရည်ဖြစ်ရေးအတွက် သင်ကြားရေးဆရာများ၊ ပညာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ရေးတို့ဖြစ်ပါတယ်။ အခြေခံပညာရေးစနစ်ကောင်းမွန်မှသာ ရလဒ်ကောင်းများရရှိလာမှာဖြစ်ပြီး အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများကို ရရှိမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် Basic Education is the Root of Higher Education လို့ဆိုလိုပါတယ်။ ပိုမိုကောင်းမွန်တဲ့ ပညာရေးစနစ်ပေါ်ထွန်းလာရေး ပညာရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာငွေကို ယခင်ကထက် တိုးမြှင့်သုံးစွဲလျက်ရှိပေမယ့်လို့ မြန်မာနိုင်ငံရဲ့ အခြေခံပညာရေးစနစ်မှာ လိုအပ်ချက်များစွာရှိနေကြောင်းကိုလည်း အပြုသဘောနဲ့ထောက်ပြလိုပါတယ်။ အဆင့်မြင့်ပညာရေး ရလဒ်ကောင်းများရရှိဖို့ဆိုရင် အခြားသောကဏ္ဍများပြောင်းလဲမှုနှင့်အတူ အခြေခံပညာရေးဆရာများ ကဏ္ဍကိုလည်း ပြောင်းလဲဖို့လိုအပ်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်ဆွေးနွေးလိုတာကတော့ လက်ရှိအခြေခံပညာရေးဆရာများရဲ့ အခြေအနေပဲဖြစ်ပါတယ်။ အခြေခံပညာဆရာများရဲ့လစာနှုန်းထားကတော့ အမြင့်ဆုံးအနေနဲ့ မူလတန်းပြ ၁၆၀၀၀၀ ကျပ်၊ အလယ်တန်းပြ ၁၇၅၀၀၀ ကျပ်၊ အထက်တန်းပြ ၁၉၀၀၀၀ ကျပ်ပဲဖြစ်ပါတယ်။ ဒီလစာနှုန်းထားဟာဆိုရင် မိသားစုရှိတဲ့ အခြေခံပညာဆရာတစ်ဦးအတွက် လက်ရှိကုန်ဈေးနှုန်းအနေအထားအရ စားရေးအတွက် လောက်ငှနိုင်တဲ့အခြေအနေသာရှိနိုင်ပြီး ကျန်တဲ့ ဝတ်ရေး၊ နေရေး၊

ကျန်းမာရေးဆိုင်ရာများအတွက် လိုအပ်မှုများရှိနေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ မိမိရပ်ရွာဒေသမှာတာဝန်ကျတဲ့ ဝန်ထမ်းအနေနဲ့ နေထိုင်မှုအဆင်ပြေပေမယ့်လို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတဲ့ ဝန်ထမ်းအနေနဲ့ နေထိုင်ရေးကိစ္စဟာ မလွှဲမသွေကြုံတွေ့နေရတဲ့ အခက်အခဲဖြစ်လာပါတယ်။ ဒီရဲ့ Impact ကတော့ ဝင်ငွေရတဲ့ကျူရှင်စနစ်ဆီကို ဦးတည်လာခြင်းပဲဖြစ်ပါတယ်။ နယ်မြေပြောင်းရွှေ့တာဝန်ထမ်းဆောင်နေရတဲ့ ပြည်သူ့ဝန်ထမ်းတစ်ဦးအတွက် အခြေခံလိုအပ်ချက်ကတော့ နေထိုင်ရန်အဆောက်အဦရရှိမှုပဲဖြစ်ပါတယ်။ ပညာရေးကဏ္ဍမှာ ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲနေပေမယ့် ပညာရေးအတွက် အဓိကထောက်တိုင်တစ်ခုဖြစ်တဲ့ အခြေခံပညာဆရာများအတွက် နေစရာအဆောက်အဦစီစဉ်ဆောက်လုပ်ပေးဖို့ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အခြားသော ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအပါအဝင် အဆင့်မြင့်ပညာကဏ္ဍမှ ဆရာများအတွက် နေထိုင်စရာအဆောက်အဦများနှစ်စဉ်ဘဏ္ဍာနှစ်အလိုက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပေမယ့်လို့ အခြေခံပညာဆရာများအတွက် စီစဉ်ဆောင်ရွက်ပေးမှုမရှိတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် အခြေခံပညာ ဆရာများနေထိုင်ရေးကိုလည်း အခြားသောဌာနများမှ ပြည်သူ့ဝန်ထမ်းများနည်းတူ စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ လှိုင်မြို့နယ်၊ မင်းဓမ္မဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်းအဆောက်အဦ ၃၀ လုံးကို အဆင့်မြင့်ပညာဦးစီးဌာနမှ ဆရာများအတွက် ဆောက်လုပ်ပေးသကဲ့သို့ အခြေခံပညာဆရာများအတွက်လည်း ဆောက်လုပ်ပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားပညာရေးဥပဒေ အခန်း(၈) ပုဒ်မ ၄၉ ပုဒ်မခွဲ(င)ပါ အတိုင်း ဥပဒေအရပေးထားတဲ့ ခံစားပိုင်ခွင့်ကိုရရှိဖို့အတွက် အခြေခံပညာရေးဥပဒေပြဋ္ဌာန်းပေးရန် ဘဏ္ဍာငွေများခွဲဝေချထားပေးရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာငွေခွဲဝေရာမှာ အဆင့်မြင့်ပညာဆရာများအဆောက်အဦအတွက် ဘဏ္ဍာငွေခွဲဝေချထားပေးမယ်လို့ ပညာရေးမှာအခြေခံကျပြီး အရေးပါတဲ့ အခြေခံပညာဆရာများနေထိုင်ရန်အတွက် အဆောက်အဦ ဘဏ္ဍာငွေခွဲဝေမှုမပါဝင်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့် နောင်လာမယ့် ဘတ်ဂျက်လျာထားမှုများမှာ အခြေခံပညာဆရာများနေထိုင်ရေးအတွက် အလေးထားဆင်ခြင်သုံးသပ်ပြီး ရန်ပုံငွေကို အချိုးအစားတစ်ခုသတ်မှတ်ကာ ခွဲဝေချထားသင့်ပါကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယဆွေးနွေးလိုတဲ့အချက်ကတော့ Incentive ဆောင်ရွက်ပေးရေးပဲဖြစ်ပါတယ်။ အခြေခံပညာအရည်အသွေးမြင့်ဖို့အတွက် အခြေခံဟာ ဆရာများပဲဖြစ်ပါတယ်။ အရည်အသွေးမြင့်ဆရာများဖြစ်ဖို့အတွက် Quality Basic Education မလွဲမသွေရရှိမှာဖြစ်ပါတယ်။ အရည်

အသွေးမြင့်ဆရာများရရှိဖို့အတွက် Motivate လုပ်ပေးနိုင်တဲ့ Incentive သုံးမျိုးကို ကမ္ဘာ့ဘဏ် အစီရင်ခံစာမှာ အကြံပြုတင်ပြထားပါတယ်။ ဒါကြောင့် Indirect Monetary Incentive ဖြစ်တဲ့ Housing ကိစ္စကိုလည်း လိုအပ်ချက်အရ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ယခုဆွေးနွေးလိုတဲ့အချက်ဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ အခြေခံဆရာများရဲ့အသံ ဒါမှမဟုတ် ခံစားချက်ကို ကိုယ်စားပြုပြီး ဆွေးနွေးချက်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ အဲဒါကတော့ အခြေခံပညာဆရာများအတွက် နေထိုင်ရေးကိစ္စဟာ လက်ရှိအနေအထားအရ လျစ်လျူရှုခံနေရခြင်းပဲဖြစ်ပါတယ်။ နိုင်ငံပညာရေးအဆင့်အတန်းမြင့်မားဖို့အတွက်ဆိုရင် လက်တွေ့အကောင်အထည်ဖော်နေတဲ့ ဆရာများရဲ့ကျွမ်းကျင်မှု၊ စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်တရားစတဲ့ စွမ်းဆောင်ရည်အပြည့်အဝရရှိဖို့လိုအပ်ပါတယ်။ ဆရာများအပိုင်းကလည်း စွမ်းဆောင်ရည်အပြည့်လုပ်ဆောင်ဖို့လိုအပ်သလို နိုင်ငံတော်ဘက်မှလည်း အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးမှသာ ဟန်ချက်ညီတဲ့တိုးတက်မှုကို ရရှိမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ယခုလိုပြောင်းလဲချိန်ကာလမှာ လိုအပ်ချက်များစွာရှိနေတာမှန်ပေမယ့်လို့ အခြေခံပညာဆရာများအတွက် အဓိကကျတဲ့ နေထိုင်ရေးကိစ္စကို လျစ်လျူရှုခံနေရသောကိစ္စအဖြစ်မှ မဖြစ်မနေဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စအဖြစ်ပြောင်းလဲပြီး အခြေခံပညာဆရာများရဲ့ နေရာဒေသအခက်အခဲအလိုက် ဦးစားပေးစတင်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုနိဂုံးချုပ်ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပြီး နေ့လယ် ၁ နာရီအချိန်မှာ အစည်းအဝေး ပြန်လည်စတင်မှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစံခင်(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာရေး ရောက်ရှိလာကြတဲ့သူတွေအားလုံး ကာယစိတ္တသုခနှစ်ဖြာနှင့် ပြည့်ဝကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစံခင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ ဒသမနေ့မှာ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး အဆိုတင်သွင်းသွားတဲ့ ကျေးလက်ဒေသအခြေခံပညာကျောင်းများမှ တာဝန်ထမ်းဆောင်နေကြတဲ့ ပညာရေးဝန်ထမ်းဆရာဆရာမများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန်နှင့် ဖွံ့ဖြိုးမှုနောက်ကျသောဒေသများကို စိစစ်ပြီး ဘတ်ဂျက်ခွင့်ပြုပေးရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ဆရာဆရာမများ နေအိမ်လိုအပ်ကြောင်း ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။ ကန်ပက်လက်မြို့နယ်၊ ချင်းတွင်းကျေးရွာ အစိုးရမူလတန်းကျောင်းကို ၁၉၂၀ ခုနှစ်၊ အလယ်တန်းကျောင်းကို ၁၉၅၂ ခုနှစ်၊ အထက်တန်းကျောင်းကို ၂၀၁၀ ခုနှစ်များမှာ ဖွင့်လှစ်ခဲ့တယ်။ ပြီးတော့ ကန်ပက်လက်မြို့ အစိုးရမူလတန်းကျောင်းကို ၁၉၅၄ ခုနှစ်၊ အလယ်တန်းကျောင်းကို ၁၉၅၆ ခုနှစ်၊ အထက်တန်းကျောင်းကို ၁၉၇၆ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်ဟာ ၁၉၆၀-၁၉၆၃ မင်းတပ်မြို့အထက်တန်းကျောင်းမှာ အထက်တန်းပညာသင်ကြားတယ်။ အဲဒီအချိန်ကာလမှာ ခုနက ကျွန်တော်ပြောတဲ့ ကျင်ဒွေးမြို့၊ ကန်ပက်လက်မြို့၊ မင်းတပ်မြို့ဆိုတဲ့ ဒီကျောင်းအားလုံးမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ဆရာဆရာမတွေမှာ အိမ်မရှိဘူးဆိုတာကို ကျွန်တော် ပြီးခဲ့တဲ့အတိတ်ရဲ့ဖြစ်စဉ်ကို တင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်ဟာ ၁၉၆၃ ခုနှစ်က ၁၉၈၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ ၂၇ နှစ်နီးပါး ကန်ပက်လက်

မြို့နယ်မှာ မူလတန်းပြလက်ထောက်ဆရာ၊ မူလတန်းကျောင်းအုပ်ဆရာအဖြစ်နဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေမှာ၊ နောက်ပြီးတော့ ကျေးရွာကျောင်းတွေမှာ အမှုထမ်းခဲ့တယ်။ ဒါပေမဲ့ နိုင်ငံတော်က ဆောက်လုပ်တဲ့ဆရာနေအိမ်မှာ တစ်ကြိမ်တစ်ခါမှ နေထိုင်ခဲ့ရဖူးခြင်းမရှိခဲ့ပါဘူး။ ပြီးတော့ ကျွန်တော်တို့မြို့နယ်ရဲ့အခြေအနေကို အလျဉ်းသင့်လို့ သီးသန့်တင်ပြချင်တာက ပညာရေးနှင့်သက်ဆိုင်တာမို့လို့ ကန်ပက်လက်မြို့နယ်ရဲ့ပညာရေးလုပ်ငန်းတစ်ရပ်လုံးကို ဦးဆောင်ဦးရွက်ပြုနေတဲ့ ကန်ပက်လက်မြို့နယ်ပညာရေးမှူးရုံးဟာဆိုရင် နိုင်ငံတော်ဘတ်ဂျက်နှင့် ဆောက်လုပ်ပေးခြင်းမရှိဘဲနှင့် ယခုရှိနေတဲ့ မြို့နယ်ပညာရေးမှူးရုံးဟာ သစ်သားနဲ့ဆောက်လုပ်တဲ့ အဆောက်အဦဖြစ်ပြီးတော့ ကြမ်းပြင်များမညီမညာ အကာအရံမလုံခြုံစွာနဲ့ အလွန့်အလွန်အဆင့်အတန်းနိမ့်ကျပြီး ကျက်သရေမဲ့ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကန်ပက်လက်မြို့နယ်ပညာရေးမှူးရုံးကို နိုင်ငံတော်ရဲ့ဘတ်ဂျက်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ပေးနိုင်ပါရန် ပညာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးအား တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ တင်ပြချင်တာက ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့တစ်နည်းအားဖြင့် ဝေးလံဒေသ၊ နောက်ကျကျန်ခဲ့တဲ့ဒေသတွေမှာ အချိုးညီညီတိုးတက်လာရေးအတွက် ဖြည့်ဆည်းဆောင်ရွက်လာရမယ့်အကြောင်းတရားများစွာ ရှိပါတယ်။ အကြောင်းတရားများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိလို့ရှိရင် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုတဲ့ အကျိုးတရားကို မရနိုင်ပါဘူး။ ကျောင်းသူကျောင်းသားတစ်ယောက် ပညာသင်ကြားမှုမှာ ရုပ်ပိုင်း၊ စိတ်ပိုင်း နိုးကြားတက်ကြွမှု အကြောင်းတရားရှိပါမှ အတတ်ပညာတတ်မြောက်ခြင်းဆိုတဲ့ အကြောင်းတရား ရရှိနိုင်ပါတယ်။ ဒီနည်းတူစွာ ပညာရေးဝန်ထမ်းဆရာဆရာမရဲ့ လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်နေပါတယ်။ ဝမ်းသာစရာမင်္ဂလာသတင်းလေးတစ်ခုအနေနဲ့တင်ပြရမယ်ဆိုရင် ဩဂုတ်လ ၈ ရက်နေ့ထုတ် The Voice Daily မှာ အခြေခံပညာဦးစီးဌာနကနေပြီးတော့ ဆရာဆရာမတွေရဲ့လစာတိုးပေးမယ်ဆိုတဲ့အကြောင်း၊ ဘယ်တော့တိုးပေးမယ်၊ ဘယ်လောက်တိုးပေးမယ်ဆိုတာ မပါသေးဘူး။ အဲဒါကို အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦး က ပြောကြားကြောင်းသိရပါတယ်။ လစာတိုးပေးခြင်းဟာ စားဝတ်နေရေး ဖြည့်ဆည်းမှုမှန်သော်လည်းပဲ တိုက်ရိုက်နည်းအားဖြင့် အိမ်ဆောက်ပေးခြင်းမဟုတ်တဲ့အတွက် နေအိမ်ဟာ လိုမြဲလိုမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ထမ်း ဆရာဆရာမများဟာ ကျောင်းသင်ခန်းစာများကို ကြိုတင်ပြင်ဆင်ခြင်း၊ လေ့ကျင့်ခန်းများ စစ်ဆေးခြင်း၊ သင်ကြားရေးအတွက် ဗဟုသုတစာအုပ်စာတမ်းများ ဖတ်ရှုလေ့လာခြင်း အလုပ်များကို အစဉ်အမြဲ

လုပ်နေကြရတဲ့အတွက် ရပ်ထဲရွာထဲမှာရှိတဲ့ ရပ်ရွာတစ်ဦးတစ်ယောက်ရဲ့အိမ်မှာ နေထိုင်ခြင်းအားဖြင့် အိမ်ရှင်ရဲ့သာရေးနာရေးကိစ္စတစ်စုံတစ်ရာ ရှိလာလို့ရှိရင် မမျှော်မှန်းနိုင်တဲ့ လူမှုရေးအခက်အခဲ ပေါင်းစုံနဲ့ တွေ့ကြုံရမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်က ကျွန်တော်နှုတ်ခွန်းဆက်စကားမှာ ကာယစိတ္တ ဆိုပြီးတော့မှ ပြောခဲ့သလို လူသားတိုင်း၊ ဆရာဆရာမတိုင်းမှာ ရုပ်နဲ့စိတ်ဆိုပြီးတော့မှ နှစ်ပိုင်းရှိတဲ့ အနက် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက် နေအိမ်ရှိခြင်းအားဖြင့် စိတ်လက်ချမ်းသာနေထိုင်နိုင်ခြင်း အကျိုးတရားကို ရရှိနိုင်ပါတယ်။ ဒါကြောင့် ပြည့်စုံသောပညာရေးသင်ကြားရေးအတွက် ဆရာဆရာမ နေအိမ်၊ ကျောင်းအဆောက်အအုံ၊ ကျောင်းသားစာရေးခုံ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက် ရမယ်ဆိုတာ မလွဲမသွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနှစ်ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၁၀၀၀ ကနေ ကျွန်တော်တို့မြို့နယ်မှာ လိုအပ်နေလို့ ဆရာဆရာမနေအိမ် ၁၃ လုံး ဆောက်လုပ်ဖို့ ကျွန်တော်တို့ ဆုံးဖြတ်ပြီးတော့ ထည့်သွင်းထားပါတယ်။ အဲဒါ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးယန်ကျင်းကန်(ကွမ်းလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွမ်းလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယန်ကျင်းကန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးမူဝါဒမှန်ကန်မှုဟာ တစ်မျိုးသားလုံးဖွံ့ဖြိုးရေးအတွက် အခြေခံ အကြောင်းတရားများစွာထဲက တစ်ခုဖြစ်တယ်ဆိုတာ ငြင်းလို့မရတဲ့အချက်ဖြစ်ပါတယ်။ ပညာရေးမူဝါဒ အလွဲကြောင့် ပေးဆပ်လိုက်ရတဲ့ မြန်မာ့ပညာရေးသမိုင်းသင်ခန်းစာအရ နစ်နာဆုံးရှုံးမှုများကို ယခုတိုင် ကုစားနေရဆဲ၊ ခံစားနေရဆဲ ဖြစ်ပါတယ်။ ဒီလိုအရေးကြီးကဏ္ဍတစ်ခုဖြစ်တဲ့ ပညာရေးကဏ္ဍမှာပါဝင် နေတဲ့ ပညာရေးဝန်ထမ်းဆရာဆရာမများ အထူးသဖြင့်နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်နေ သူ ပညာရေးဝန်ထမ်းများရဲ့ နေထိုင်ရေးကိစ္စများကို တာဝန်ရှိသူများက ထည့်သွင်းစဉ်းစားစီစဉ်ပေး

သင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ ပညာရေးဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာ တောင်ပေါ်ဒေသများတွင် နေထိုင်ရေးကို ဒေသနေတိုင်းရင်းသားပြည်သူများကပါ ဝိုင်းဝန်းဖြေရှင်းပေးနေရတဲ့ ကိစ္စရပ်တစ်ခုဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်က ဖြစ်စဉ်အချို့ကို အနည်းငယ်ကောက်နုတ်ဆွေးနွေးရမယ်ဆိုရင် ကျွန်တော်တို့ ကွမ်းလုံမြို့နယ်မှာ ရပ်ကွက်ခြောက်ရပ်ကွက်ရှိပြီး ကျေးရွာအုပ်စု ၂၅ အုပ်စုမှာ ကျေးရွာပေါင်း ၁၆၈ ရွာရှိပါတယ်။ ဝန်ထမ်းများဟာ ကျေးရွာများတွင် သင့်သလိုနေထိုင်ကြတဲ့အတွက် အောက်ဖော်ပြပါအခက်အခဲများကို ကြုံတွေ့ခံစားနေကြရပါတယ်။ ဝန်ထမ်းအိမ်ရာမရှိခြင်းကြောင့် ဒေသခံမိသားစုများနှင့် ရောနှောနေထိုင်ရခြင်း၊ စာသင်ခန်းများကို ယာယီအခန်းကန့်ပြီးနေထိုင်ရခြင်း၊ ဒေသခံများစီစဉ်ပေးသည့်နေစရာများတွင် လုံခြုံမှုမရှိခြင်းကြောင့် စိုးရိမ်ကြောင့်ကြစွာနေထိုင်ရခြင်း၊ ကျေးလက်ဆေးပေးခန်းရှိသည့်ရွာများတွင် ကျေးလက်ဆေးပေးခန်းတွင် ပေါင်းနေရခြင်း၊ ဤသို့မိုးရာသီဆိုရင် ရာသီဥတုဒဏ်ကို ပိုမိုခံစားနေရခြင်း၊ တစ်နယ်တစ်ကျေးမှာ သွားရောက်တာဝန်ထမ်းဆောင်ရသဖြင့် ခက်ခဲနိမ့်ပါးတဲ့ လူမှုဝန်းကျင်နဲ့ အံဝင်အောင် ဆက်ဆံနေရခြင်း စသည်များ ကြုံတွေ့နေရလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရရဲ့ လူတိုင်းပညာသင်ကြားနိုင်ရေးနဲ့ စာတတ်မြောက်ရေးရည်မှန်းချက်ဟာ အမျိုးသားရေးအဆင့်ရည်မှန်းချက်ဖြစ်သလို လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးတဲ့အခြေခံအဆင့် ဆောင်ရွက်ချက်လည်းဖြစ်ပါတယ်။ ဤသို့ တစ်နိုင်ငံလုံးခြုံငုံပြီး မူဝါဒတစ်ခုတည်းတွင် ဆောင်ရွက်နေသည့် ပညာရေးရည်မှန်းချက်ဟာ တောင်ပေါ်ဒေသများနှင့် ဖွံ့ဖြိုးမှုနည်းပါးသည့်ဒေသများ၏ ပကတိအခြေအနေများကြောင့် ထိရောက်အောင်မြင်နိုင်ခြေနည်းပါးသဖြင့် ဖွံ့ဖြိုးမှုနိမ့်ကျပြီးပံ့ပိုးရန် အမှန်တကယ်လိုအပ်နေသည့်ဒေသများတွင် သင်ကြားရေးတာဝန်ထမ်းဆောင်နေရသည့် ပညာရေးဝန်ထမ်းများနှင့် ကျေးရွာနေ ပညာသင်ယူမည့်ကလေးငယ်များအတွက် ထိရောက်စွာပညာသင်ကြားနိုင်ရေး မူဝါဒအစီအမံနှင့် ပံ့ပိုးမှုများကို အလေးထားစီမံကြပ်မတ်ဆောင်ရွက်ပေးသင့်ကြောင်း ဆွေးနွေးတင်ပြရင်း လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ငွေးရဲ့အဆိုအား အလေးအနက်ထောက်ခံကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးကျော်တင့်(တပ်ကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ တပ်ကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်ဖြစ်ပါတယ်။ ဒီကနေ့မှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၅-၃-၂၀၁၄ ရက်နေ့မှာကျင်းပခဲ့တဲ့ အမျိုးသား အဆင့်လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲကနေ ပညာရေးဝန်ထမ်းများအားလုံး အရည်အသွေးနဲ့ လူမှုဘဝမြှင့်တင်ရေးကို အလေးထားဆောင်ရွက်ရမည်လို့ မူဝါဒချမှတ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီကနေ့ မျက်မှောက်ခေတ် ကျောင်းဆရာဆရာမတွေရဲ့လက်တွေ့ဘဝကတော့ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ အရည်အသွေးပိုင်းရော၊ လူမှုဘဝအခြေအနေတွေရော အဘက်ဘက်က ချွတ်ခြုံ ကျနေခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလ ၄ ရက်နေ့ နေပြည်တော်မှာကျင်းပခဲ့တဲ့ ပညာရေး မြှင့်တင်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲအခမ်းအနားမှာ ဆရာဆရာမများရဲ့ လက်ရှိ အခြေအနေနဲ့ပတ်သက်ပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပီတိချည်းပဲ စားလို့တော့ လက်တွေ့မကြပါဘူး။ ထမင်းလည်းစားဖို့လိုပါတယ်လို့ တစ်ခုတ်တရပြောဆိုခဲ့ပါတယ်။ အဲဒါကိုကြည့်ရင် ကျွန်တော်တို့နိုင်ငံက ဆရာဆရာမတွေရဲ့ လက်ငင်းဘဝဟာ ဘယ်လောက်အထိ ဒုက္ခရောက်နေတယ်ဆိုတာ အထူးပြောစရာမလိုလောက်ပါဘူး။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြခဲ့တဲ့ အချက်အလက်တွေကိုကြည့် ရင်လည်း ဝေးလံခေါင်ဖျားဒေသတွေမှာ တာဝန်ကျတဲ့ ပညာရေးဝန်ထမ်းတွေဟာ မိမိတို့တာဝန်ကျတဲ့ ဒေသကိုသွားရောက်ရတဲ့ ခရီးကအစ ကုန်းတစ်တန်၊ ရေတစ်တန်၊ ခြေကျင်တစ်တန်နှင့် ခရီးလမ်းက ခက်ခဲကြမ်းတမ်းလှသလို ဟိုရောက်တော့လည်း နေရာထိုင်ခင်းကမလုံခြုံ၊ အစားဆင်းရဲ၊ အနေဆင်းရဲ နဲ့ လူမှုရေး၊ ကျန်းမာရေးကိစ္စတွေကို ခါးဆီးခံရင်း အမျိုးသားပညာရေးရည်မှန်းချက်တွေကို အကောင်အထည်ဖော်ထမ်းရွက်နေကြပါတယ်။ အဲဒီလို ဒုက္ခ၊ သုက္ခတွေဟာ ဝေးလံခေါင်ဖျားတဲ့ဒေသ တွေပဲရင်ဆိုင်နေရသလားဆိုပြန်တော့လည်း မဟုတ်ပြန်ပါဘူး။ ရန်ကုန်တိုင်းဒေသကြီးလို၊ မန္တလေး တိုင်းဒေသကြီးလို၊ နေပြည်တော်လို မြို့ကြီးတွေနဲ့ မဝေးကွာလှတဲ့ ကျေးရွာတွေမှာ တာဝန်ကျတဲ့ ဆရာ ဆရာမတွေရဲ့အခြေအနေတွေကို လေ့လာကြည့်ပြန်ရင်လည်း ဝန်ထမ်းအိမ်ရာဆိုတာမဆိုထားနှင့် ကျောင်းသွားကျောင်းပြန် ကားလမ်းဘေးမှာရပ်လို့ လာသမျှကားကြီးကားငယ်ကို တင်နိုးတင်နိုးနဲ့

လက်ပြတားနေတဲ့မြင်ကွင်းတွေဟာ ဘယ်လိုပြောရမှန်းတောင် စကားလုံးရှာမရတဲ့ ခါးသီးတဲ့ အမှန်တရားတွေပါ။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာအဆင့်ဆိုတာ အမျိုးသားပညာရေးရဲ့ အုတ်မြစ်ဖြစ်သလို ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်လို့ခေါ်ဆိုရမယ့် ကလေးငယ်တွေရဲ့ ပညာရေးကို ထုဆစ်ပုံဖော်ပေးတဲ့ အင်မတန်မှအရေးကြီးတဲ့ကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ ဒီကဏ္ဍရဲ့ အမျိုးသားပညာရေး ရည်မှန်းချက်တွေအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ဆိုတာ အခြေခံပညာအဆင့် ဆရာဆရာမတွေရဲ့ပုခုံးပေါ်မှာ ကြီးလေးစွာကျရောက်နေပါတယ်။ မူဝါဒတစ်ခုဆိုတာ စာရွက်ပေါ်မှာ ကွန့်နေညွှန့်နေရုံနဲ့မရပါဘူး။ လက်တွေ့ကျကျ ဘက်ပေါင်းစုံက လိုအပ်ချက်တွေကို ဖြည့်ဆည်း ဆောင်ရွက်နိုင်မှသာ ရည်ရွယ်ရာပန်းတိုင်ကို ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ အင်မတန်မှလက်ရာမြောက် ပါတယ်ဆိုတဲ့ ပန်းချီကားထဲက ကျားရုပ်ဟာဘယ်လောက်ပဲအသက်ဝင်ဝင်၊ ဘယ်လောက်ပဲမာန်ပါပါ ကြွက်တစ်ကောင်တောင်မိအောင်ဖမ်းနိုင်တဲ့ အစွမ်းသတ္တိမရှိပါဘူး။ ကျွန်တော်တို့တိုင်းပြည်ရဲ့ ခေတ်အဆက်ဆက်ချမှတ်ခဲ့တဲ့ ပညာရေးမူဝါဒတွေဟာလည်း အဲဒီလို စက္ကူကြားသာသာမူဝါဒတွေ ဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ လက်တွေ့ပညာရေးအဆင့်အတန်းက သက်သေပြလို့နေပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံပညာအဆင့်မှာ တာဝန် ထမ်းဆောင်နေတဲ့ ဆရာဆရာမအင်အားက ခန့်မှန်းခြေ လေးသိန်းပဲရှိတယ်လို့သိရပါတယ်။ တိုင်းပြည် ရဲ့လက်ရှိအနေအထားအရ အဲဒီလောက်ပမာဏကို လုံလောက်ပြည့်စုံအောင် ပံ့ပိုးကူညီနိုင်ဖို့ဆိုတာ အစိုးရအတွက် ကြီးမားတဲ့စိန်ခေါ်မှုဆိုတာ ကျွန်တော့်အနေနဲ့ လက်ခံပါတယ်။ ဒါပေမဲ့ ပညာရေး လောကရဲ့ ဆောင်ပုဒ်တွေဖြစ်တဲ့ တပည့်မရှား တစ်ပြားမရှိ၊ ပီတိကိုစားအားရှိပါ၏၊ စေတနာ၊ ဝါသနာ၊ အနစ်နာ နာသုံးနာနဲ့ပြည့်စုံကြပါစေ စတဲ့ဆောင်ပုဒ်တွေနဲ့ ဆက်လက်ချီတက်နေရင်လည်း ကျွန်တော် တို့မျိုးဆက်တွေရဲ့ ပညာရေး တစ်နည်းအားဖြင့် တိုင်းပြည်ရဲ့အနာဂတ်ဟာ နစ်သည်ထက်နစ်ဖို့ပဲရှိပါ တော့တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လက်တွေ့ကျကျရုန်းကန်ဖို့ အချိန်တန်နေပါပြီ။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ ချမှတ်ထားတဲ့မူဝါဒတွေနဲ့အညီ အစွမ်းကုန် အားဖြည့်အကောင်အထည်ဖော်ဖို့ သိပ်ကိုလိုအပ်နေပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အစိုးရဝန်ထမ်းလောကမှာ အင်မတန်မှ ကျော်ကြားလှတဲ့ သွားရေ့ာလဟယ်ဆိုတဲ့ စကားလုံး မြန်မာစာအဘိဓာန်မှာ ပျောက်ကွယ်ချိန်တန်

ပါပြီလို့ ပြောကြားရင်း အဆိုရှင် လေရှိုးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ဧည့်ပရိသတ်အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ် ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ လေရှိုးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့အဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပညာရေးလောကဟာ တခြားဝန်ကြီးဌာနတွေနဲ့မတူတာက ကျွန်တော်တို့ပညာရေးလောကမှ ဝန်ထမ်းတွေ၊ ဆရာဆရာမ တွေဟာ ကျေးရွာငယ်၊ ကျေးရွာခွဲတွေအထိကို လူဦးရေအများဆုံးတာဝန်ထမ်းဆောင်နေတဲ့ဒေသ ဖြစ်ပါတယ်။ နောက်တစ်ခုကလည်း လူမှုဝလေ့အရကြည့်မယ်ဆိုရင်လည်း ဆရာဆရာမတွေဟာ လခစားဝန်ထမ်းတွေဆိုတာထက်ကို လေးစားစရာ၊ အလေးထားဆက်ဆံရတဲ့ ဝန်ထမ်းတွေအဖြစ်နဲ့ မြန်မာ့ဓလေ့လူမှုနယ်ပယ်မှာ တန်ဖိုးထားခံရတဲ့ဝန်ထမ်းတွေဖြစ်ပါတယ်။ ဒီဝန်ကြီးဌာနမှာ အလုပ် လုပ်တဲ့ဆရာဆရာမတွေရဲ့ ရည်ရွယ်ချက်ကိုကြည့်ရင်လည်း အများအားဖြင့်စာပေသင်ကြားတာကို ဝါသနာပါပြီးတော့ ပညာရေးလောကထဲဝင်တဲ့သူ၊ နောက်တစ်ခုက ကျေးရွာတွေအနေနဲ့ကြည့်မယ် ဆိုရင်လည်း မိမိရပ်ရွာမှာပဲ ပညာတတ်တစ်ယောက်အနေနဲ့ တင့်တင့်တယ်တယ်နေပြီးတော့ ရပ်ရွာ ဖွံ့ဖြိုးရေးတွေကို ဦးဆောင်မြှင့်တင်ချင်တဲ့စိတ်နဲ့ ပညာရေးလောကထဲကိုဝင်လာကြတဲ့ ဝန်ထမ်းတွေက အဓိကဖြစ်ပါတယ်။ အဲဒီတော့ အစကတည်းက မိမိရဲ့ဒေသဆိုတဲ့အစွဲရှိတဲ့အတွက်ကြောင့် ဒီဝန်ထမ်း တွေဟာ မိမိရဲ့ဒေသကို သံယောဇဉ်အထားတတ်ဆုံး ဝန်ထမ်းတွေလည်းဖြစ်ပါတယ်။ ဘယ်နေရာကိုပဲ တာဝန်ထမ်းဆောင်ရပါစေ မိမိဒေသကိုပြန်ပြောင်းဖို့ကို သူတို့ကအမြဲတမ်းကြိုးစားတတ်ပါတယ်။ ကိုယ့်ဒေသကိုရောက်ရင် နေရေးဒုက္ခကကင်းလွတ်ပြီလေ။ အဲဒီတော့ အခုလိုနေစရာမရှိတဲ့ အခြေ အနေတွေရောက်တဲ့အခါကျတော့ အဲဒီလိုမိမိဒေသကိုပြောင်းဖို့ကိစ္စတွေကို ဝန်ထမ်းတွေက ပိုပြီးတော့ ကြိုးစားလာကြရတာဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် အဆောက်အဦဆောက်လုပ်ခြင်းကိစ္စနှင့်ပတ်သက်ပြီးတော့ လျှော့ချလို့ရမယ့်အခြေအနေတစ်ခုနဲ့ တခြားကွဲကူးရေပါ ဖြေရှင်းနိုင်မယ့်ကိစ္စတစ်ခုကိုပါ ကျွန်တော်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ၂၄-၈-၂၀၁၆ ရက်နေ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ရဲ့ အမေးကို ဆရာမခန့်ထားရေးနှင့်ပတ်သက်ပြီးတော့ ဖြေကြားသွားတဲ့နေရာမှာ ဝန်ကြီးက ဒေသဆိုင်ရာလိုအပ်ချက်အရ ပြည်နယ်/တိုင်းဒေသကြီးအစိုးရရဲ့အတည်ပြုချက် ထောက်ခံမှုနှင့် ပညာရေးဝန်ကြီးဌာနအနေနဲ့ ခန့်အပ်ပေးလို့ရတယ်လို့ ဖြေဆိုသွားတာတွေ့ရပါတယ်။ ဒီသတင်းကတော့ ကျွန်တော်တို့အတွက် မင်္ဂလာသတင်းပါပဲ။ ဘာလို့လဲဆိုတော့ ဒီအခြေအနေကို အရင်ကရှိနေတာလားမသိပေမဲ့ ကျွန်တော်တို့ဒီသတင်းစကားကို မသိခဲ့ရပါဘူး။ အဲဒီတော့ အခုကျယ်ကျယ်ပြန့်ပြန့်သိစေမယ်၊ ပွင့်လင်းမြင်သာမှုရှိမယ်ဆိုရင် ဒီကိစ္စဟာ ကျွန်တော်တို့ဒေသခံကို ဝန်ထမ်းပြန်ခန့်ခြင်းအားဖြင့် နေဖို့ကိစ္စတွေကိုလည်း ရှင်းလင်းနိုင်မှာဖြစ်ပါတယ်။

နောက်အချက်တစ်ချက်ကတော့ ဆရာဆရာမတွေရဲ့အပြောင်းအရွှေ့ကိစ္စပါ။ မိမိဒေသကနေရာထူးတိုးအတွက် အခြားဒေသကိုပြောင်းရွှေ့တဲ့အခါကျရင် ရွှေ့ပြီးသွားပြီ မိမိဒေသကိုပြန်လာချင်တယ်ဆိုရင် ကျွန်တော်တို့က အဲဒါနှင့်ပတ်သက်ပြီးတော့ တာဝန်ထမ်းတဲ့ လုပ်သက်တန်းစီဇယားတွေ၊ ဘာသာရပ်အလိုက် လိုအပ်ချက်တာဝန်ချထားမှုတွေနှင့် ပတ်သက်ပြီးတော့ ဒေသတစ်ခုအပြောင်းအလဲတိုင်းအတွက်ကို မူဝါဒတိတိကျကျ၊ ခိုင်ခိုင်မာမာ ချမှတ်စေလိုပါတယ်။ တကယ်လို့ ရှိထားမယ်ဆိုရင်လည်း ပွင့်လင်းမြင်သာမှုရှိစေချင်ပါတယ်။ အခုက အပြောင်းအရွှေ့တွေမှာလည်း အမြဲတမ်းလာဘ်ပေးလာဘ်ယူရှိနေတာတွေကို တွေ့ရှိရပါတယ်။ အဲဒီတော့ တာဝန်ယူ၊ တာဝန်ခံပြီးတော့ ဒီကိစ္စတွေကို ဖြေရှင်းစေချင်ပါတယ်။ အဲဒီတော့ နေမှုကိစ္စအပြင်ကို ပြောင်းရွှေ့တဲ့ဆရာဆရာမတွေရဲ့ ဒုက္ခရဲ့အနောက်မှာ ဘာပြဿနာတွေရှိလဲဆိုတော့ မိသားစုနဲ့ခွဲခွာရတယ်။ မိသားစုနဲ့ခွဲခွာရတဲ့အခါကျတော့ ကျောင်းသားတွေကိုဂရုစိုက်နိုင်မှု အားနည်းနိုင်တယ်။ နောက်နေစရာမရှိတဲ့ ဆရာဆရာမတွေဟာ စာသင်ခန်းမှာကိုပဲ ကြပ်ညှပ်ပြီးတော့ စာသင်ခန်းတစ်ခန်းမှာ လေး၊ ငါးယောက်နေနေကြရတယ်။ အစကတည်းကမှ စာသင်ခန်းက မလောက်ပါဘူးဆိုမှ အဲဒီလိုနေလိုက်တဲ့ အခါကျတော့ တစ်ခါစာသင်ခန်းမလုံလောက်မှုကို ထပ်ပြီးတော့ ဖြစ်စေပါတယ်။ ဒါတွေဟာလည်း ဆရာဆရာမတွေ မိမိဒေသကို ပြန်ပြောင်းဖို့အတွက် ကြိုးစားခြင်းတစ်ပိုင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျောင်းသားကျောင်းသူတွေဆိုတာ ဆရာဆရာမတွေဆီက ပညာကိုသင်ယူတဲ့အချိန်မှာ မြင်ခြင်း၊ ကြားခြင်းဆိုတာတွေနဲ့ သင်ယူတာပါ။ အဲဒီတော့ ဆရာဆရာမတွေဟာ လက်ရှိအခြေအနေမှာ အဆင်မပြေဘူး။

ပြန်ပြောင်းချင်တယ်ဆိုတဲ့အခါကျရင် သူတို့ရဲ့ပြောင်းဖို့ ကြိုးစားကြပါတယ်။ အဲဒီလို ကြိုးစားကြတဲ့ အခါကျရင် လာဘ်ပေးလာဘ်ယူကို လုပ်မိလျက်သာဖြစ်တတ်ပါတယ်။ ဝန်ကြီးဌာနအသီးသီးကို သွားပြီးတော့ တာဝန်ထမ်းဆောင်ရမယ့်၊ ဘွဲ့ရတွေဖြစ်ကြမယ့် ကျောင်းသူကျောင်းသားလေးတွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီဆရာဆရာမတွေရဲ့ လာဘ်ပေးလာဘ်ယူတွေကို ရင်းနှီးအောင်လုပ်ပေးသလို ဖြစ်သွားစေတယ်ဆိုတာကို သတိပြုသင့်ပါတယ်လို့ ဆွေးနွေးရင်းနဲ့ ဒေသခံတက္ကသိုလ်ဝင်တန်းအောင် ဘွဲ့ရတွေကို ဦးစားပေးခန့်ထားဖို့၊ အပြောင်းအရွှေ့ကိစ္စတွေမှာ ဝန်ကြီးဌာနအနေနဲ့ မူဝါဒတိတိကျကျ ချမှတ်ပြီးတဲ့အခါကျရင် ပွင့်လင်းမြင်သာစွာနဲ့ အကောင်အထည်ဖော်ခြင်းအားဖြင့် ဆရာဆရာမတွေရဲ့ နေထိုင်မှုဒုက္ခကို လျှော့ချခြင်းနဲ့အမှန်တကယ်လိုအပ်တဲ့ ဒေသတွေအတွက် ပြည်ထောင်စုအစိုးရ ရဲ့ဘတ်ဂျက်ကို ခွင့်ပြုပေးရန်အတွက် အဆိုတင်သွင်းတဲ့ လေရှီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးသူ(မြောင်းမြမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြောင်းမြမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူဖြစ်ပြီး လေရှီးမဲဆန္ဒနယ်က ဦးကျော်ဌေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါ ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားခဲ့တဲ့ ဝန်ထမ်းအိမ်ရာမရှိသောကြောင့် ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေဟာဆိုရင် ဝေးလံခေါင်ဖျားသောဒေသများတွင်သာမက မြေပြန့်ဒေသတွေမှာလည်း ကြုံတွေ့နေရတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြောင်းမြမဲဆန္ဒနယ်မှာရှိတဲ့ မြေပြင်အခြေအနေများ ပေါ်မူတည်ပြီးတော့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြောင်းမြမြို့နယ် အတွင်းမှာရှိတဲ့ စာသင်ကျောင်းများဖြစ်ပါတယ်။ စုစုပေါင်း ၃၂၅ ကျောင်းရှိပါတယ်။ ဒါကတော့ အဲဒီ ကျောင်းတွေမှာ ဆရာဆရာမများရဲ့ တာဝန်ထမ်းဆောင်နေမှု အခြေအနေဖြစ်ပါတယ်။ စုစုပေါင်းခွဲဝေ အင်အား ၂၈၁၉ ဦးမှာ ခန့်ထားအင်အား ၂၅၆၅ ဦးရှိပြီးတော့ လစ်လပ်အင်အား ၂၅၄ ဦးရှိပါတယ်။ အဲဒီမှာကြည့်မယ်ဆိုရင် လစ်လပ်ဆရာဆရာမအင်အားတွေဟာ ခွဲဝေအင်အားရဲ့ ၁၀ ရာခိုင်နှုန်းနီးပါး ရှိတာကို တွေ့ရှိရပြီးတော့ အထူးသဖြင့် ကျေးရွာများမှာရှိတဲ့ မူလတန်းကျောင်းတွေမှာ ပိုမိုလစ်လပ် နေတာကို တွေ့ရပါတယ်။ အဓိကအကြောင်းအရင်းတွေကတော့ နေရေးထိုင်ရေးခက်ခဲခြင်း၊ သွားလာ

ရခက်ခဲခြင်းနဲ့ လုံခြုံမှုအားနည်းခြင်းတို့ကြောင့်ပဲဖြစ်ပါတယ်။ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ပညာရေးဝန်ထမ်းတွေကလည်း နေရေးထိုင်ရေးအခက်အခဲတွေကို ကြုံတွေ့နေရပါတယ်။ ဝန်ထမ်းအိမ်ရာမရှိသောကြောင့် အိမ်ငှားနေရပါတယ်။ အိမ်လခက ၃ သောင်းမှ ၅ သောင်းထိရှိတဲ့အတွက်ကြောင့် လက်ရှိဝန်ထမ်းတွေအတွက် အခက်အခဲရင်ဆိုင်ရပါတယ်။ အချို့ကျေးရွာတွေမှာတော့ ကျေးရွာတွေက စီစဉ်ပေးထားတဲ့ ကိုယ်ထူကိုယ်ထအိမ်ရာတွေမှာလည်း ခိုင်ခံ့မှုနဲ့ လုံခြုံမှုအားနည်းမှုတွေရှိပါတယ်။ ဒါကြောင့်လည်း ကိုယ်ထိလက်ရောက်ဝင်ရောက်နှောင့်ယှက်ခံရခြင်း၊ အ.မ.က (သရက်ကုန်း)မှာ နောက် အ.မ.က(ဆားမလောက်)မှာဆိုရင် ပစ္စည်းများဝင်ရောက်ခိုးယူဖျက်ဆီးခံရခြင်း၊ အ.မ.က(ကုန်းပြား)မှာဆိုရင် ကာယိန္ဒြေပျက်ပြားအောင်တောင် နှောင့်ယှက်ခံရခြင်းဆိုတဲ့ ပြဿနာတွေဟာ ကျွန်တော့်မဲဆန္ဒနယ်မှာ ဖြစ်ပွားခဲ့ပါတယ်။ ဒါကတော့ ကျေးရွာတွေမှာရှိတဲ့ ကိုယ်ထူကိုယ်ထ ဝန်ထမ်းအိမ်ရာတွေပဲဖြစ်ပါတယ်။ တကယ်ပဲ ဆရာမတွေဟာ အကြပ်တည်းထဲမှာ နေထိုင်ရပါတယ်။ အဲဒီတော့ ဒီလိုမျိုးဝန်ထမ်းအိမ်ရာတွေ မရှိတဲ့အခါကျတော့ ကျေးရွာတွေမှာလည်း လုံခြုံမှုမရှိ၊ ခိုင်ခံ့မှုအားနည်းတဲ့အတွက်ကြောင့် ဆရာဆရာမတချို့ဟာဆိုရင် မြို့မှာနေထိုင်ပြီးတော့ တာဝန်ကျစာသင်ကျောင်းတွေကို မြို့ကနေ သွားရောက်ကြပါတယ်။ အဲဒီလိုသွားရောက်တဲ့အခါမှာလည်း မြစ်၊ ချောင်း၊ တော၊ တောင်များနဲ့ ရွှံ့၊ နွံ့ထူထပ်တဲ့လမ်းများ လယ်ကန်သင်းများ ဖြတ်သန်းသွားလာရတဲ့အတွက်ကြောင့် အန္တရာယ်ပဲ အရမ်းများပါတယ်။ နေပူမရှောင်၊ မိုးရွာမရှောင် သွားလာရခြင်းကြောင့် ကျန်းမာရေးထိခိုက်ခြင်း၊ လမ်းပန်းဆက်သွယ်မှုအခက်အခဲတွေကြောင့် အချိန်ကုန်လူပန်းခြင်းနှင့် လမ်းခရီးအတွင်းမှာ မတော်တဆထိခိုက်မှုတွေကြောင့် မနစ်နာသင့်ဘဲ နစ်နာရတဲ့ အဖြစ်ဆိုးတွေလည်း ကြုံတွေ့နေရပါတယ်။ ဒါကတော့ ရွှံ့၊ နွံ့တွေကိုဖြတ်ပြီးတော့ တပည့်တွေဆီကို ချီတက်နေတဲ့ဆရာမတွေရဲ့ပုံပါပဲ။ တချို့ ဆရာဆရာမတွေက မြို့ပေါ်ကနေပြီးတော့ ကျေးရွာမှာရှိတဲ့ စာသင်ကျောင်းတွေကိုသွားဖို့ကို ဆိုင်ကယ်တစ်တန်၊ လှေတစ်တန်နဲ့ မနက် ၆ နာရီကနေ စတင်ထွက်ခဲ့ရတာတွေ ရှိပါတယ်။ တချို့ ဆရာမတွေမှာ လယ်ကန်သင်းတွေကို ဖြတ်သန်းပြီးတော့ မြွေမကြောက်၊ ကင်းမကြောက်နဲ့ အသက်ကိုစွန့်ပြီးတော့ တပည့်တွေဆီကို သွားနေရတာဆိုရင် ဆရာဆရာမတွေရဲ့စိတ်ဓာတ်က အင်မတန်မှပဲ လေးစားဖို့ကောင်းပါတယ်။ ဒါပေမဲ့ ဒီဆရာဆရာမတွေကို လျစ်လျူရှုခံနေရတာလည်း အင်မတန်မှ ဝမ်းနည်းဖို့ကောင်းပါတယ်။ အဲဒီတော့ အထက်မှာ မလိုလားအပ်သော နေထိုင်ရေးနဲ့ သွားလာရေးပြဿနာတွေကြောင့် လက်တွေ့မှာ သင်ကြားမှုလုပ်ငန်းများ ထိရောက်စွာအကောင်အထည်မဖော်နိုင်ခြင်း၊ တချို့ဆရာဆရာမတွေက တာဝန်မှ

နုတ်ထွက်သွားခြင်း၊ ထပ်မံတာဝန်ထမ်းဆောင်မယ့်သူများပါ မရှိတော့ခြင်း စတဲ့ပြဿနာတွေကြောင့် ရေရှည်မှာ နိုင်ငံရဲ့အနာဂတ် ပညာရေးအဆင့်အတန်းပါ နိမ့်ကျလာနိုင်ပါတယ်။ ချုပ်ပြီးဆိုရသော် ပညာရေးအဆင့်အတန်းမြင့်မားဖို့ရာ အရည်အသွေးမြင့်မားသော ဆရာဆရာမများအား ခန့်အပ်ရန် လိုအပ်ပါတယ်လို့ ၂၄-၈-၂၀၁၆ ရက်နေ့မှာ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့မေးခွန်းကို ဖြေကြားရာမှာ ပညာရေးဝန်ကြီးက ပြောကြားခဲ့ပါတယ်။

အဲဒီအတွက်ကြောင့် ထပ်လောင်းပြောချင်တာကတော့ အဆိုပါ အရည်အသွေးမြင့်မားသော ဆရာဆရာမများရဲ့ လုံခြုံစိတ်ချအေးချမ်းစွာဖြင့် စွမ်းအင်ပြည့်ဝစွာ ပညာပြန်လည်ပို့ချပေးရန်အတွက် ကတော့ ဝန်ထမ်းအိမ်ရာတွေဟာ မရှိမဖြစ်ဘဲ လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ လေရှီး မဲဆန္ဒနယ်က ဦးကျော်ဌေးတင်သွင်းခဲ့တဲ့ ကျေးလက်ဒေသအခြေခံပညာရေးကျောင်းများမှာ တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရ ဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန်လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခွင့်ပြုငွေချပေးရန် ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်နေသည့်ဒေသများကို စိစစ်ပြီး ဘတ်ဂျက်ခွင့်ပြုပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေး နက်နက်ထောက်ခံပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

## ဦးကျော်ဌေး၊ လေရှီးမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ကပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက လေရှီးမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့အဆိုအား ရှင်းလင်းတင်ပြခွင့်ပြုဖို့တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များက ၎င်းတို့ ရဲ့နယ်မြေဒေသအတွင်းမှ လိုအပ်ချက်ရှိသဖြင့် ညှိနှိုင်းလာမှုအရသော်လည်းကောင်း၊ လွှတ်တော်

ကိုယ်စားလှယ်များ၏ ညှိနှိုင်းလာမှုအရသော်လည်းကောင်း၊ ဝန်ထမ်းအိမ်ရာများကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနများထံသို့ ခွင့်ပြုရန်ပုံငွေရရှိရန် တင်ပြတောင်းခံပေးလျက် ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်(ပေ ၄၀ x ၃၀ ပေ) ၅၅ လုံးအတွက် ငွေကျပ် ၁၈၉၀.၆ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခြောက်ခန်းတွဲလေးထပ် ၁၁ လုံး အခန်းပေါင်း ၂၆၄ ခန်း ဆောက်လုပ်ရန်အတွက် ငွေကျပ် ၈၂၆၅.၄ သန်း စုစုပေါင်း ငွေကျပ်သန်းပေါင်း ၁၀၁၅၆ သန်းကို အခြေခံပညာဦးစီးဌာနမှ ရန်ပုံငွေခွင့်ပြုချက် ရရှိခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ဝန်ထမ်း အိမ်ရာတွေ မလုံလောက်တဲ့အတွက်ကြောင့်မို့လို့ ရပ်မိရပ်ဖများ၊ မိဘဆရာအသင်းများနဲ့ ကျောင်းအကျိုးတော်ဆောင်များရဲ့ ပူးပေါင်းပါဝင်ပံ့ပိုးမှုနဲ့ ဆရာဆရာမများနေထိုင်မှုအဆင်ပြေရေး အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှာဆိုလို့ရှိရင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းပေါင်း ၄၆၀၁၂ ကျောင်းရှိပါတယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပြဆရာဆရာမ စုစုပေါင်း ၃၆၃၂၉၈ ဦးရှိပြီးတော့ ကျောင်းသားကျောင်းသူစုစုပေါင်း ၈.၇ သန်း ရှိပါတယ်။ အဆင့်မြင့်ပညာ ဦးစီးဌာနမှာလည်းပဲ တင်ပြထားတဲ့အတိုင်းပဲရှိပြီးတော့ နည်းပညာနဲ့ကွန်ပျူတာတက္ကသိုလ်တွေပြီးရင် စက်မှုလက်မှုသိပ္ပံနဲ့ နည်းပညာအထက်တန်းကျောင်းတွေ၊ ပညာရေးကောလိပ်တွေဆိုရင် ကျောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်စုစုပေါင်း ၄၆၂၀၇ ကျောင်းရှိပါတယ်။ ဆရာဆရာမစုစုပေါင်း ၃၈၀၀၀၀ ဦး ကျော်ရှိပါတယ်။ ဒီထဲမှာ စီမံအရာထမ်းဝန်ထမ်းတွေမပါသေးပါဘူး။ စီမံအရာထမ်း၊ အမှုထမ်းတွေပါ ထည့်တွက်မယ်ဆိုလို့ရှိရင်တော့ ဒါ ၄၇၀၀၀၀ ဦးကျော်ရှိကြောင်း ကျွန်တော်တို့တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအစိုးရကျောင်းတွေ၊ တက္ကသိုလ်တွေမှာပဲတက်နေတဲ့ကျောင်းသား ကျောင်းသူဦးရေသည် ၉.၆ သန်းကျော် ရှိပါတယ်။ အဲဒီအထဲမှာ ဘုန်းတော်ကြီးသင်ကျောင်းတွေ၊ ပုဂ္ဂလိကကျောင်းတွေ၊ အခြားကျောင်းတွေအမျိုးမျိုး မပါသေးပါဘူး။ ဒါတွေပါ ပါမယ်ဆိုရင် ကျောင်းသားကျောင်းသူဦးရေသည် ၁၀ သန်းကျော်သွားမယ်ဆိုတာကို ကျွန်တော်တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနရဲ့အင်အားသည် အခြေခံ၊ အဆင့်မြင့်၊ TVET ကဏ္ဍမှာ ဒီအင်အားတွေအတွက် ရှိနေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ တစ်နိုင်ငံလုံးအတွက် ဒါ စဉ်းစားပြီးတော့ ဆောင်ရွက်ပေးနေရတာဖြစ်ပါတယ်။ သင်ယူမှုအခွင့်အလမ်း၊ မျှတမှု၊ အားလုံးအကျုံး ဝင်မှု၊ အရည်အသွေးမြင့်မားသောပညာရေးအတွက် ကျွန်တော်တို့ ကြိုးပမ်းအကောင်အထည်ဖော်

ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာဆိုရင် ပညာရေးကဏ္ဍနဲ့ပတ်သက်သော ခွင့်ပြုရန်ပုံငွေသည် 1.62 Trillion ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ 1 Billion မှာ ကျပ်သန်းပေါင်း ၁၀၀၀ ရှိပါတယ်။ 1000 Billion မှာဆိုလို့ရှိရင် 1 Trillion ရှိပါတယ်။ ဒါကြောင့်မို့လို့ အခြေခံ၊ အဆင့်မြင့်၊ TVET ကဏ္ဍအားလုံးအတွက်သည် ပညာရေးခွင့်ပြုရန်ပုံငွေသည် 1.62 Trillion ထဲမှာ သာမန်အသုံးစရိတ်သည် ၈၁.၃၉ ရာခိုင်နှုန်းရှိတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်သည် ၁၈.၆၁ ရာခိုင်နှုန်းရှိပါတယ်။

အဲဒီအထဲမှာဆိုလို့ရှိရင် သာမန်အသုံးစရိတ်ထဲမှာ လစာသည် ၇၃.၆၈ ရာခိုင်နှုန်းရှိကြောင်း တင်ပြလိုပါတယ်။ အခြားဆိုတဲ့ ၂၆.၃၂ ထဲမှာ ဒါဟာ ကျွန်တော်တို့အနေနဲ့ ဆရာဆရာမတွေရဲ့ In Service Training တွေ၊ သူတို့တွေရဲ့ခရီးသွားလာတဲ့စရိတ်တွေ၊ ခုနက ကျောင်းဆောင်တွေရဲ့ ပြင်ဆင်ထိန်းသိမ်းရတဲ့စရိတ်တွေ ဒီဟာတွေအတွက်ပါ ကျွန်တော်တို့ ကျခံပြီးတော့သုံးစွဲလျက်ရှိကြောင်း တင်ပြလိုပါတယ်။ လစာကဏ္ဍမှာကြည့်မယ်ဆိုရင် အခြေခံပညာကဏ္ဍရဲ့လစာသည် ၉၀ ရာခိုင်နှုန်းနီးပါးဖြစ်ပါတယ်။ အားလုံးရဲ့ ၉၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ အဆင့်မြင့်ပညာကဏ္ဍမှာ ဆရာအတတ်ပညာအပါအဝင်ဆိုရင် ၁၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ TVET ကဏ္ဍဆိုရင် ၁ ရာခိုင်နှုန်းပဲ ဖြစ်ပါတယ်။ အခြားသည် ၀.၇၉ ရာခိုင်နှုန်းပဲရှိပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်ကို ကြည့်ရင် တည်ဆောက်ရေးသည် ၈၀ ရာခိုင်နှုန်းနီးပါးလောက်သုံးပါတယ်။ အဲဒီ ၈၀ ရာခိုင်နှုန်းသည် ကျောင်းဆောင်တွေတည်ဆောက်ရေးအတွက်ပဲ ကျွန်တော်တို့ အသုံးပြုတာဖြစ်ပါတယ်။ ရုံးသုံးပစ္စည်းနဲ့ပရိဘောဂတွေဆိုတာ ကျောင်းဆောင်တွေသည်ဆောက်သွားရင် ကျောင်းမှာစာရေးကိရိယာတို့၊ စာရေးခုံတွေပေါ့နော်။ School Desk တွေ၊ Chair တွေပါတာမဟုတ်ပါဘူး။ အဲဒါတွေအတွက်ကိုလည်း ရုံးသုံးပစ္စည်းနဲ့ပရိဘောဂတွေကနေ ကျွန်တော်တို့ဖြည့်ဆည်းရပါတယ်။ တခြားဆိုတဲ့ဟာသည်၊ လိုအပ်တဲ့ဟာသည် ကျွန်တော်တို့ ၁ ရာခိုင်နှုန်းတောင်မပြည့်ဘူး။ ၀.၈၈ ရာခိုင်နှုန်း ဒါဟာ ကျွန်တော်တို့ လျာထားပြီး အသုံးပြုနေရကြောင်းတင်ပြလိုပါတယ်။ တည်ဆောက်ရေးမှာလည်းပဲ ကျွန်တော်တို့ ကြည့်လိုက်လို့ရှိရင် အခြေခံသည် ၅၄.၄၂ ရာခိုင်နှုန်း သုံးစွဲပါတယ်။ အဆင့်မြင့်ကဏ္ဍသည် ၁၀ ရာခိုင်နှုန်း နီးပါးပဲရှိပါတယ်။ နည်းပညာနှင့်သက်မွေးကဏ္ဍသည် ၃၄ ရာခိုင်နှုန်းနီးပါးရှိတဲ့ အခြားသည် ၁.၉၃ ရာခိုင်နှုန်းရှိကြောင်းတင်ပြလိုပါတယ်။ ဒါကတော့ ဒီထဲမှာဆိုရင် အရည်အသွေးမြင့်မားရေးအတွက်နဲ့ အားလုံးအကျုံးဝင်အောင်၊ မျှတတဲ့ပညာရေးဖြစ်အောင်၊ သာတူညီမျှမှုဖြစ်အောင်၊ အရည်အသွေးမြင့်မားအောင်ဆိုရင်တော့ မဖြစ်မနေဆောင်ရွက်ရမယ့်ဟာတွေသည် စာသင်ဆောင်

**မူကြမ်း**

တွေ၊ ပရိဘောဂဖြည့်ဆည်းရေးတွေ၊ ကျောင်းသားကျောင်းသူတွေ ကျောင်းထွက်မသွားရေးအတွက် သည်လည်း အင်မတန်အထူးအလေးထား ဆောင်ရွက်ရမယ့်ဟာဖြစ်ပါတယ်။ ဆရာဆရာမတွေရဲ့ အရည်အသွေးပြည့်ဝရေးတွေ၊ Curriculum and Syllabus တွေကိုမြှင့်တင်ဖို့ Teaching Learning Methodology တို့သည် အောက်ပါအတိုင်းဖြစ်ပါတယ်။ နောက်ဆုံး Remedial Education သည် ကျောင်းခဏခဏပျက်နေတဲ့ ကလေးတွေ၊ ပညာရေးအရည်အသွေးမှာ စာမလိုက် နိုင်တဲ့ကလေးတွေကို သူတို့တွေရဲ့သင်ယူမှု ပတ်ဝန်းကျင်ကောင်းထဲမှ သူတို့တွေသည် ကျောင်းပျော် မယ်။ ကျောင်းပျော်တော့မှ သူတို့တွေ ကောင်းကောင်းသင်ယူနိုင်မယ်။ သူတို့ကောင်းကောင်း သင်ယူနိုင်တော့မှ ဒီကလေးတွေသည် စာကောင်းကောင်းသင်ယူနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ လေရှိုးမဲဆန္ဒနယ်က ဦးကျော်ဌေးကိုလည်းပဲ ကျွန်တော်တို့ ကျေးဇူးအထူးတင်ပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဩဂုတ်လ ၁၈ ရက်နေ့က တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးတွေအားလုံးကို ဝေးလံတဲ့ဒေသမှာရှိတဲ့ကျောင်းတွေမှာ ဆရာ ဆရာမတွေရဲ့ အိမ်ရာတွေ ဘယ်လောက်လိုလဲလို့ ကောက်ဖို့လို့အတွက် စာထုတ်ပြီးတော့ အခြေခံ ပညာဦးစီးဌာနကို ဝန်ကြီးရုံးက စာထုတ်လိုက်ပါတယ်။ ဝန်ကြီးရုံးကနေပြီးတော့မှ ကျွန်တော်ကိုယ်တိုင် လက်မှတ်ထိုးပြီးတော့ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တွေကို ဒီလိုတိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးတွေက စာရင်းပြုစုတာကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေလည်း ဦးစားပေး အစီအစဉ်အရ သဘောထားမှတ်ချက်တွေပေးပြီးတော့ ကျွန်တော်တို့ကို ပူးပေါင်းပါဝင်ဆောင်ရွက် ပေးဖို့အတွက် ဒါကို မေတ္တာရပ်ခံခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြရမယ်ဆိုလို့ရှိရင် ဒီစာရင်း တွေသည် မနေ့က လေရှိုး၊ လဟယ်၊ နန်းယွန်းနှင့် ချင်းပြည်နယ်က ရရှိတဲ့စာရင်းဖြစ်ပါတယ်။ မနေ့ကအထိ သူတို့အဆိုပြုတာသည် ၇၁၄ ခု အဆိုပြုပါတယ်။ အဲဒါဟာ တိုင်းဒေသကြီး/ပြည်နယ် တွေနဲ့ လောလောဆယ်အကြမ်းဖျင်းအားဖြင့် ညှိနှိုင်းမှုအရ ဒီ ၁၀ ခုကို ဆောင်ရွက်ပေးသင့်တယ် ဆိုတဲ့အတွက်ကြောင့်မို့လို့ ဒါကိုတော့ ကျွန်တော်တို့အနေနဲ့လတ်တလော ဖြည့်ဆည်းဆောင်ရွက်ပေး ဖို့အတွက် တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးသွားတာလည်းပဲ အင်မတန်ကောင်းပါတယ်။ ဒါတွေသည်၊ ဒီအခက်အခဲ တွေသည် နိုင်ငံအများစုကြုံတွေ့နေရတဲ့ အခက်အခဲတွေပဲဖြစ်ပါတယ်။ ကျွန်တော်တစ်ခုလေး တင်ပြ လိုပါတယ်။ ၂၀၁၂ ခုနှစ်က အင်တာနက်မှာ ရှာလိုက်လို့ရှိရင် တွေ့ပါတယ်။ World Bank ရဲ့

Education နဲ့ပတ်သက်တဲ့ Report တစ်ခုမှာ ကမ္ဘာပေါ်မှာ ပညာရေးအသုံးစရိတ်အနည်းဆုံးနိုင်ငံလို့ အဲဒီတုန်းက ပြောတဲ့နိုင်ငံသည် မြန်မာနိုင်ငံဖြစ်ပါတယ်။ သူက ဘာကိုဖော်ပြထားလဲဆိုတော့ မြန်မာနိုင်ငံရဲ့ ပညာရေးအသုံးစရိတ်သည် ၂၀၁၂ ခုနှစ်က သူတို့ရဲ့ Report ထဲမှာ GDP ရဲ့ ၀.၇ ရာခိုင်နှုန်းပဲ မြန်မာနိုင်ငံရဲ့ အသုံးစရိတ်၊ အဲဒီ သူတို့ရဲ့ Report မှာ ဖော်ပြတဲ့ခုနှစ်အတွက် အသုံးစရိတ်ကို သူတို့ဖော်ပြထားပါတယ်။ အဲဒီအချိန်က 0.7 Percentage of GDP ကို သုံးစွဲတာသည် ၉၅ ရာခိုင်နှုန်းသည် ဆရာဆရာမတွေရဲ့လစာအတွက်ပဲ ကျွန်တော်တို့အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီ World Bank ရဲ့ Report မှာပဲ ပြန်ပြီးကြည့်လိုက်ပါ။ ပညာရေးအသုံးစရိတ်ကိုတော့ အနည်းဆုံးသုံးတယ်။ ကမ္ဘာပေါ်မှာ အဲဒီအသုံးစရိတ်အနည်းဆုံး သုံးတော့လည်း အဲဒီအသုံးစရိတ်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ ပညာရေး Quality အကောင်းဆုံးနိုင်ငံသည် ဘယ်နိုင်ငံလဲလို့၊ ကမ္ဘာပေါ်မှာ အကောင်းဆုံးမဟုတ်တာတော့ အားလုံးသိတဲ့အတိုင်းပဲဖြစ်ပါတယ်။ သို့သော် ဒီလောက်နည်းတဲ့ အသုံးစရိတ်နဲ့ အကောင်းဆုံးသောအရည်အသွေးရအောင်လုပ်တဲ့နိုင်ငံသည် ဘယ်နိုင်ငံလဲလို့ အဲဒီ Report ထဲမှာ ဖော်ပြထားတာသည်လည်း မြန်မာနိုင်ငံပဲဖြစ်ပါတယ်။ ဒါဟာ ပြန်ကြည့်လိုက်မယ်ဆိုရင် ပညာရေးမှာ မိဘတွေ၊ ဆရာတွေ၊ ကျောင်းသားတွေ၊ အစိုးရနဲ့အားလုံးက ညီညီညွတ်ညွတ်နဲ့ တာဝန်ကိုယ်စီယူပြီး အသိစိတ်ဓာတ်ကောင်းကောင်းနဲ့ ဆောင်ရွက်နေလို့ဖြစ်တယ်လို့ယုံကြည်ကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ရဲ့ ပညာရေးအသုံးစရိတ်ကို GDP နဲ့ ပြောပါဆိုရင်တော့ ၂ ရာခိုင်နှုန်းဝန်းကျင်ရှိကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆရာဆရာမများ ပြည့်စုံလုံခြုံစွာ လူမှုဘဝအဆင့်မြင့်ရေးဆွေးနွေးကြတာအတွက် ကျွန်တော်ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျေးဇူးအထူးတင်ရှိကြောင်း တင်ပြလိုပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆရာဆရာမများရဲ့ စေတနာ၊ ဝါသနာ၊ စိတ်ဓာတ်အပြည့်ရှိပြီးတော့ ကျောင်းသားကျောင်းသူတွေကို သင်ယူမှုကောင်းအောင် ဆောင်ရွက်ပေးမယ်ဆိုတာကိုလည်း အပြည့်အဝ ယုံကြည်ပါတယ်။ ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်ပံ့ပိုးမှု ဆက်လက်အားကောင်းမယ်ဆိုတာကိုလည်း အပြည့်အဝယုံကြည်ပါတယ်။ ပညာရေးဝန်ကြီးဌာနက အလေးအနက်ထား၍ ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မှာ ဆက်လက်ပြီးတော့ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှင့်ဝေးလံတဲ့ကျေးလက်ဒေသတွေမှာ အခြေခံပညာကျောင်းများရှိတဲ့ ဆရာဆရာမများအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန် ပြည်ထောင်စုရန်ပုံငွေမှသော်လည်းကောင်း၊ ပြည်ထောင်စု၏ သီးသန့်ရန်ပုံငွေမှသော်လည်းကောင်း ရန်ပုံငွေများ ခွဲဝေရရှိမည်ဆိုပါက တိုင်းဒေသကြီး/ပြည်နယ်

အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ဦးစားပေးအလိုက် စီမံဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အတွက် လေရှီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေးရဲ့အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိပေးပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးကျော်ငွေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သရပါတယ်။ ကျွန်တော်ကတော့ လေရှီးမဲဆန္ဒနယ်မှ အဆိုရှင်ဦးကျော်ငွေး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အဆိုကို ရှုထောင့်မျိုးစုံကနေပြီးတော့မှ ထောက်ခံဆွေးနွေးပေးကြတဲ့ ကိုယ်စားလှယ်အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ အဆိုနှင့်ပတ်သက်ပြီးတော့မှ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာနကိုလည်းပဲ အထူးပဲကျေးဇူးတင်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးဌာနရဲ့အခြားလိုအပ်ချက်များအပါအဝင် အခြေခံပညာကျောင်းတွေမှာ လိုအပ်တဲ့အိမ်ရာတွေအတွက်ပါ ဦးစားပေးဆောင်ရွက်နေတယ်လို့သိရတဲ့အတွက်ကြောင့်မို့လို့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ ခက်ခဲတဲ့နေရာဒေသတွေမှာ စာရင်းကောက်ပြီးတော့မှ ဆောင်ရွက်နေတယ်လို့သိရတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်ဝမ်းသာအားရကြိုဆိုပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံးအတိုင်းအတာအရ တစ်ချိန်တည်းမှာ ဆောက်လုပ်ပေးဖို့ဆိုတာ တိုင်းပြည်ရဲ့ဘဏ္ဍာငွေအခြေအနေအရ အခက်အခဲရှိမယ်ဆိုတာ ကျွန်တော်နားလည်သဘောပေါက်ပါတယ်။

ကျွန်တော်တို့ကိုယ်စားလှယ်အသီးသီးရဲ့ ဆွေးနွေးချက်ကိုကြည့်ခြင်းအားဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးမှာ ခက်ခဲတဲ့ကျေးရွာများစွာရှိနေသေးတယ်ဆိုတာလည်း ပိုပြီးတော့မှထင်ရှားစေပါတယ်။ မြို့နယ်အလိုက် အိမ်ရာတွေချပေးတဲ့အခါမှာ မြို့နယ်/တိုင်းဒေသကြီးတစ်ပြေးညီ ခွဲတမ်းစနစ်ဖြင့် ခွဲဝေချပေးတာမျိုးမဟုတ်ဘဲနဲ့ ကျွန်တော်တို့အဆိုမှာဖော်ပြထားတဲ့ ဖွံ့ဖြိုးမှုနောက်ကျပြီးတော့မှ အမှန်တကယ်လိုအပ်တဲ့နေရာဒေသကို စိစစ်ပြီးတော့မှ ဦးစားပေးဆောင်ရွက်ပေးဖို့ အလေးအနက်တောင်းဆိုတင်ပြလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဖွံ့ဖြိုးမှုနောက်ကျတဲ့ဒေသတွေမှာ ပိုပြီးတော့မှ ဦးစားပေးဆောင်ရွက်ခြင်းအားဖြင့် ပြည်မနှင့်နယ်စပ်ဒေသ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မည့်လမ်းကြောင်းကို ပိုပြီးတော့မှဦးတည်စေမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တင်ပြရခြင်း ဖြစ်ပါ

တယ်။ ဝန်ကြီးဌာနအနေနဲ့လည်းပဲ စနစ်တကျစိစစ်ပြီးတော့မှ ဆောင်ရွက်ပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော့်အဆိုနှင့်ပတ်သက်ပြီးတော့မှ ဝန်ကြီးဌာနအနေနဲ့ မှတ်တမ်းတင်ပေးဖို့ ရှင်းလင်းတင်ပြသွားတာကို လက်ခံပါတယ်။ သို့သော် ဝန်ကြီးဌာနအနေနဲ့ မှတ်တမ်းတင်ရုံလောက်မဟုတ်ဘဲနဲ့ ကျွန်တော့်အဆိုဖြစ်တဲ့ ပိုပြီးတော့မှဆင်းရဲတဲ့ဒေသတွေ၊ ဝေးလံခေါင်းပါးတဲ့၊ ဖွံ့ဖြိုးမှုနောက်ကျတဲ့ဒေသတွေမှာ အထူးသဖြင့်ဦးစားပေး ဆောင်ရွက်ပေးတဲ့အပြင် လွှတ်တော်ကြီးကနေပြီးတော့မှ မှတ်တမ်းတင်ရုံလောက်မဟုတ်ဘဲနဲ့ စောင့်ကြည့်ပေးဖို့ တောင်းဆိုရင်းနဲ့နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်ငွေး၊ လေရှီးမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၆ ဦးက ဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာနကလည်း အဆိုအားမှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ အဆိုရှင်ကလည်း လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးကျော်ငွေး တင်သွင်းတဲ့အဆိုကို လွှတ်တော်ကမှတ်တမ်းတင် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနကို တစ်ခုပဲအကူအညီတောင်းလိုပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလို့ရှိရင် ပညာရေးရင်းနှီးမြှုပ်နှံမှုက အဓိကကျပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခုလွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဆွေးနွေးချက်များကို အလေးအနက်ထားပြီး ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးစေလိုကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၂၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၁၃း၄၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**